

မင်းမြတ်သူရ
ဆားပုလင်းမင်းအောင်နှင့်တာနော်ယက္ခ

တစ်နေ့သ၌ မြန်မာပြည်အလယ်ပိုင်း ရွာကြီးတစ်ရွာ၏ အစွန်အဖျားရှိ အရိပ်ကောင်းစွာရရှိ သော ထန်းတောကြီး၌ ထန်းရည်သောက်သူများနှင့် စည်ကားနေလေ၏ ။

ထန်းရည်ဆိုင်၏ ပိုင်ရှင်မှာ ချက်ကြီးဆိုသူဖြစ်ပြီး ချက်ကြီးကိုယ်တိုင် ထန်းရည်သမားဖြစ်သ ဖြင့် သူ၏ ထန်းရည်ဆိုင်ကို ကြက်ကြော်၊ ငုံးကြော် ၊ စနိုက်ကြော် စသည့် အမြည်းပေါင်းစုံရရှိ အောင် စီစဉ်ထား၏ ။

ချက်ကြီးသည် သူ၏ ဆိုင်၌ လူစည်ကားသော အချိန်ဖြစ်သဖြင့် ထန်းလက်ဖြင့် ပြုလုပ်ထား သော ပက်လက်ကုလားထိုင်ကြီးတွင် အခန့်သားထိုင်၍ အကူခေါ်ယူထားသော လူငယ်သုံးဦးကို ဆူပူကြိမ်းမောင်းနေလေတော့၏ ။

ထန်းရည်သောက်သူများသည် ထန်းရည်ခါးနှင့် ကြက်ကြော်၊ ငုံးကြော် စသည့်အမြည်း ပေါင်းစုံကို စားသောက်ရင်း ဇရက်မည်းစည်းစိမ်ကို ခံစားကြလေ၏ ။

ထိုအခိုက်မှာပင် ထန်းတော၏ တစ်ဖက် ကျယ်ပြန့်သော မြေလမ်းပေါ်တွင် ခြေလှမ်းကျဲကျဲ ဖြင့် လှမ်းလာသော ယောင်ကြီးဖွေနှင့် လူတစ်ဦးကို တွေ့ရလေ၏ ။

ထန်းရည်သောက်နေသူများသည် ယောင်ကြီးဖွေနှင့်လူကို မြင်သောအခါ မျက်စိမျက်နှာ ပျက်သွားပြီး တစ်ယောက်နှင့်တစ်ယောက် လက်တို့၍ သောက်လက်စ ထန်းရည်ခွက်များကို လက်စသတ်ကြလေ၏ ။

ဗိုက်ထဲသို့ ထန်းရည်ဝင်၍ အူရွှင်နေသောသူများသည် အဝေးမှ

လျှောက်လှမ်းလာသော ယောင်ကြီးဖွဲ့နှင့်လူကို မြင်သည်နှင့် ပါးစပ်ပိတ်၍ တေမိမင်းသားကဲ့သို့ နေထိုင်ကြလေ၏။

ထန်းလက်ကုလားထိုင်ကြီးတွင်ထိုင်၍ လူငယ်သုံးဦးကို ဆူပူကြိမ်းမောင်းနေသော ချက်ကြီး ပင်လျှင် ယောင်ကြီးဖွဲ့နှင့်လူကို မြင်သောအခါ ပါးစပ်ကို လျှင်မြန်စွာပိတ်၍ ထိုင်နေရာမှ ထလိုက် ကာ -

“ဒီမှာ ထိုင်ပါ ကိုညိုကြီး၊ ကိုညိုကြီးအတွက် ထန်းရည်ရော အမြည်းပါ အကောင်းဆုံး လုပ်ပေးပါမယ်”

ဟု လွန်စွာ ရိုသေသော အမူအရာဖြင့် ပြောလိုက်လေ၏။

ယောင်ကြီးဖွဲ့နှင့်လူသည် ချက်ကြီးကို စကားမတုံ့ပြန်ဘဲ မျက်ထောင့်နီကြီးနှင့်ကြည့်၍ ထန်းလက်ကုလားထိုင်တွင် ဝင်ထိုင်လိုက်လေ၏။

ထိုအခါ ချက်ကြီး ခိုင်းစေထားသော လူငယ်သုံးဦးသည် ယောင်ကြီးဖွဲ၏ ရှေ့သို့ ထန်း လက်စားပွဲကို ယူဆောင်လာပြီး ထန်းရည်နှင့်အမြည်းများကို စီစဉ်ပေးလေ၏။

ယောင်ကြီးဖွဲ့နှင့်လူအတွက် စီစဉ်ပေးသော ထန်းရည်သည် အကောင်းဆုံး၊ အသန့်ပြန့်ဆုံး ဖြစ်ပြီး ကြက်ကြော်နှင့် ငုံးကြော်များမှာလည်း နီရဲကျွတ်ရွအောင်ကြော်ထားသော အကြီးဆုံးအ ကောင်ကြီးများဖြစ်၏။

ညိုကြီးသည် ဝါးကျည်ထောက်ဖြင့် ပြုလုပ်ထားသော ခွက်ဖြင့် ထန်းရည်ကို အရသာခံ၍ သောက်ကြည့်လိုက်ပြီး အရသာကောင်းမွန်သဖြင့် ငြိမ်သက်သွားလေ၏။

ညိုကြီးသည် ကြက်ကြော်ကို ကိုက်၍ အရသာ ခံကြည့်ပြန်၏။

ကြက်ကြော်နှင့်ငုံးကြော်များသည် ကောင်းမွန်ပြီး အပြစ်ဆိုစရာမရှိသဖြင့် ညိုကြီးသည် ငြိမ် သက်သွားလေ၏။

ညိုကြီးမရောက်မီက ဆူညံ ပွက်နေသော ထန်းတောကလေးသည် ညိုကြီးရောက်လာ သည့် အချိန်မှစ၍ တစပြင်ကဲ့သို့ တိတ်ဆိတ်ငြိမ်သက်သွားလေ၏ ။

ထိုအခိုက်မှာပင် ထန်းတော၏ အစွန်အဖျားတွင် ထန်းရည်သောက်နေသော ကာလသား နှစ်ယောက်သည် ကျောခိုင်းထားသော ညိုကြီး မမြင်နိုင်ဟု ယူဆသဖြင့် ထိုင်ရာမှ တိတ်တဆိတ်ထ ၍ ရွာထဲသို့ သုတ်ခြေတင်ရန် ပြင်ဆင်ကြလေ၏ ။

၎င်းတို့နှစ်ဦး၏ လှုပ်ရှားမှုကို ကျောခိုင်းထားသော ညိုကြီးမမြင်နိုင်သော်လည်း ထန်းရည် သောက်နေသော ရွာသားများက မြင်နေရသဖြင့် စိုးရိမ်တကြီး လှမ်းကြည့်လေ၏ ။

ညိုကြီးသည် မျက်လုံးများမှေးစင်း၍ ထန်းရည်သောက်နေရာမှ သူ၏ အရှေ့ရှိ ထန်းရည်သ မားများ၏ လှုပ်လှုပ်ရွရွဖြစ်နေသော အမူအရာကြောင့် မျက်မှောင်ကြုတ်၍ နောက်သို့ ကြွေ့ရရ လှည့်ကြည့်လိုက်၏ ။

ထိုအခါ ထန်းတောမှ တိတ်တဆိတ် ထွက်ပြေး၍ ပြင်ဆင်နေသော ကာလသားနှစ်ယောက် ကို မြင်လေ၏ ။ ညိုကြီးသည် ကာလသားနှစ်ယောက်ကို လှည့်၍ ပင်မကြည့်ဘဲ မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်သောအသံဖြင့် -

“ဟိုကောင်နှစ်ကောင် ငါ့ရှေ့ကို လာစမ်း”

ဟု အော်ဟစ်လိုက်လေရာ ကာလသားနှစ်ဦးသည် အလွန်ထိတ်လန့်ပြီး မျက်စိမျက်နှာ ပျက်သွားလေ၏ ။

ညိုကြီးသည် ခါးကြားတွင်ထိုးထားသော အသွားထက်သည့် ဓားမြှောင်ကို ဆတ်ခနဲထုတ်၍ ထန်းလက်စားပွဲခုံကို ထိုးစိုက်လိုက်ရာ ထန်းတောရှိ လူများအားလုံး ထိတ်လန့်တုန်လှုပ်သွားလေ ၏ ။

ထန်းတောတွင် ညိုကြီးရောက်လာလျှင် ထန်းရည်သမားအားလုံး ပြုလုပ်ရသော ဝတ္တရား ရှိ၏။

ထိုဝတ္တရားမှာ ထန်းတောမှ ထွက်ကာနီးတွင် ညိုကြီးရှေ့သို့သွား၍ အသက်ကြီးငယ်မဟူ ရှိသေစွာ နှုတ်ဆက်ရခြင်းဖြစ်၏။

ညိုကြီးသည် ယခင်က ထိုဝတ္တရားကို သတ်မှတ်ခြင်းမရှိချေ။

သို့သော် တစ်ခါက ထန်းတောကို ညိုကြီးရောက်လာသည်နှင့် ထန်းရည်သမားအားလုံး ထန်းတောမှ အလျှိုလျှိုထထွက်သွားသဖြင့် ထန်းတောတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေ၏။

ညိုကြီးသည် ထန်းတောတစ်ခုလုံးတွင် သူတစ်ယောက်တည်း ပျင်းရိငြီးငွေ့စွာ သောက်သုံး ရသဖြင့် ထန်းရည်သမားများကို လွန်စွာ စိတ်ဆိုးသွားပြီး ထိုနေ့မှစ၍ ထန်းတောမှ ထွက်ခွာကာနီး သူ့ကိုရိုသေစွာ နှုတ်ဆက်ပြီး ပြန်ရမည်ဟု စည်းကမ်းချက်ထုတ်ခဲ့လေ၏။

ယခု ကာလသားနှစ်ယောက်သည် ထန်းတော၏ အစွန်အဖျားရှိ ညိုကြီးနှင့်ဝေးကွာသော အရပ်တွင်ရှိသဖြင့် ညိုကြီးမသိအောင် ထပြေးရန် ကြံစည်ခြင်းဖြစ်၏။

ကာလသားနှစ်ယောက်သည် ညိုကြီးအရှေ့သို့ရောက်သောအခါ ညိုကြီးသည် ထန်းရည် တစ်ခွက်ကို မော့သောက်လိုက်ပြီးမှ မျက်နှာငယ်လေးဖြင့် ရပ်နေသော ကာလသားနှစ်ယောက်ကို ကြည့်၍

"ဘာလဲ မင်းတို့က ငါ့ကိုစမ်းတာလား"

ဟု လေသံမာမာဖြင့် မေးမြန်းလိုက်လေရာ ကာလသားတစ်ဦးက ခေါင်းကိုကုတ်၍ အသံ တုန်တုန်ယင်ယင်ဖြင့်

"မစမ်းဝံ့ပါဘူး အစ်ကိုညိုကြီး"

ဟု ပြောလေ၏။ ညိုကြီးက ထန်းရည်ခွက်ကို စားပွဲပေါ်သို့ ဒိုင်းခနဲ ဆောင့်ချလိုက်ပြီး

"မစမ်းဝံ့ဘူးဆိုရင် ငါ့ကို နှုတ်မဆက်ဘဲ ဘာလို့ ထပြေးဖို့ ကြိုးစားတာလဲ၊ ပြောစမ်း.."

ဟု ဒေါသတကြီး အော်ဟစ်လိုက်ရာ ကာလသားနှစ်ယောက်သည် ကြောက်လွန်း၍ ဆတ် ခနဲ တုန်လှုပ်သွားလေ၏။

ညိုကြီးသည် ကာလသားနှစ်ယောက်၏ အမူအရာကိုကြည့်၍ ပိုမို ဒေါသအိုးပေါက်ကွဲဟန် ဖြင့် ထိုင်ရာမှ ထပြီး မျက်နှာငယ်လေးနှင့်ရပ်နေသော ကာလသားနှစ်ယောက်၏ ပါးကို တဖြန်းဖြန်း ချလိုက်ရာ ၎င်းတို့၏ နှုတ်ခမ်းမှ သွေးများ ထွက်လာလေ၏။

ညိုကြီးသည် ကာလသားနှစ်ယောက်ကို အားရအောင် ပါးရိုက်လိုက်ပြီးနောက် ထန်းလက် ကုလားထိုင်တွင် ပြန်ထိုင်ကာ

"ဟေ့ကောင်တွေ မင်းတို့ဘယ်ရွာကလဲ"

ဟု မေးမြန်းလိုက်ရာ ကာလသားတစ်ယောက်က နှုတ်ခမ်းမှ သွေးများကို လက်ခုံဖြင့် သုတ်၍

"သာယာကုန်းရွာကပါ"

ဟု တီးတိုးဖြေလေ၏။ ညိုကြီးက မသိမသာ ခေါင်းညိတ်၍

"သြော်..သာယာကုန်းကကိုး၊ မင်းတို့ဒါကြောင့် ဒီလောက် အတင့်ရဲတာကိုး"

ဟု ရေရွတ်လေ၏။ သာယာကုန်းရွာသည် ထန်းတောနှင့်အနီးဆုံးတွင် ရှိသော ရွာဖြစ်၏။

ညိုကြီးက လက်သီးကိုဆုပ်၍

"ငါ့ကို နှုတ်မဆက်ဘဲ သွားတဲ့ကောင်တွေ မှတ်သားလောက်အောင် ဆုံးမရသေးတာပေါ့၊ မင်းတို့နှစ်ယောက် လေးဖက်ထောက်ပြီး ရွာကို ပြန်ရမယ်၊ ငါ့စကားကို နားမထောင်ရင်တော့ အသေပဲဟေ့၊ နားလည်လား"

ဟု ကြိမ်းမောင်းလေရာ ကာလသားနှစ်ယောက်သည် ညိုကြီးကို မျက်နှာငယ်လေးနှင့် ကြည့်၍ မငြင်းဆန်ဝံ့ဘဲ

"ဟုတ်...ဟုတ်ကဲ့ပါ"

ဟု သံပြိုင်ပြောလိုက်လေ၏။ ညိုကြီးက စားပွဲရှေ့တွင် ပြန်ထိုင်လိုက်ပြီး

"ကဲ..မင်းတို့ လေးဖက်ထောက်ပြီးသွားပေတော့"

ဟု အမိန့်ပေးလိုက်လေ၏။

ကာလသားနှစ်ယောက်သည် ညိုကြီး၏ စကားကို မလွန်ဆန်ဝံ့သဖြင့် မြေပေါ်သို့ လေးဖက် ထောက်ကာ ရွာဘက်သို့ တရွေ့ရွေ့ ထွက်ခွာသွားလေ၏။ ကာလသားနှစ်ယောက်ကို ကြည့်ရှု၍ ထန်းရည်သောက်နေသူများသည် တီးတိုးရယ်မောကြလေ၏။

ကာလသားနှစ်ယောက်သည် လေးဖက်ထောက်၍ ရွာဘက်သို့ တရွေ့ရွေ့သွားနေဆဲဖြစ် ၏။ ခဏကြာလျှင် ၎င်းတို့နှစ်ဦးသည် ညိုကြီး၏ မြင်ကွင်းရှေ့မှ ပျောက်ကွယ်သွားလေ၏။

ကာလသားနှစ်ယောက်သည် လေးဖက်ထောက်၍ ရွာသို့ပြန်နေရာမှ တစ်ယောက်က နောက်သို့မဝံ့မရဲကြည့်၍

"ငါတို့ကို မမြင်နိုင်တော့ဘူးနော်"

ဟု သွေးတိုးစမ်းသလို အမူအရာဖြင့် ပြောဆိုလေရာ ကျန်ကာလသားတစ်ယောက်က မျက် နှာကိုရှုံ့မဲ့၍

"သူ့စကားကို နားမထောင်ရင် အသေပဲဆိုတာ မေ့နေပြီလား၊

အတက်မဆန်းနဲ့ကွာ၊ မင်း အတက်ဆန်းလို့ အခုလို လေးဖက်ထောက်ပြီး ရှာပြန်ရတာ ငါတော့ကြောက်တယ်၊ တော်ကြာ ညို ကြီးက နောက်ကလိုက်ချောင်းကြည့်ရင် ခက်မယ်၊ လေးဖက်ထောက်ပြီးပဲ သွားမယ်”

ဟု ပြောလေ၏။

၄င်းတို့နှစ်ဦးသည် ကြမ်းတမ်းသော မြေလမ်းခရီး၌ လေးဖက်ထောက်၍ ရှာသို့တရွေ့ရွေ့ သွားနေလေ၏။

ထန်းတောတွင် ကျန်နေသူများမှာ ညိုကြီးကို နှုတ်မဆက်ဘဲ မနေဝံ့သဖြင့် ထန်းရည် သောက်ပြီးသည်နှင့် ညိုကြီးရှေ့သို့သွားကာ ရိုသေစွာ ဦးညွှတ်၍

“ကိုညိုကြီး ပြန်ပါဦးမယ်ခင်ဗျာ၊ ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး”

ဟု နှုတ်ဆက်ရလေ၏။ ထိုအခါ ညိုကြီးသည် သူ့အား နှုတ်ဆက်သူများကို ပြန်လည်နှုတ် ဆက်ခြင်းမရှိဘဲ မျက်ထောင့်နီကြီးနှင့် ကြည့်၍ ခေါင်းကို မသိမသာ ညိတ်ပြလေ၏။

ညိုကြီးသည် ထန်းတောသို့ ရောက်လျှင် နေဝင်ကာနီးအထိ နေသဖြင့် ညိုကြီးပြန်မည့် အချိန်ကို မည်သူမျှ မစောင့်ဝံ့ဘဲ ညိုကြီးကို နှုတ်ဆက်၍ သာ ပြန်ရလေ၏။

အတန်ကြာသောအခါ လူစည်ကားသော ထန်းတောကလေး၌ လူတစ်ဝက်ခန့် ထပြန်သွား သဖြင့် ထန်းရည်သမားတစ်ဝက်ခန့်သာ ကျန်တော့လေ၏။

ထန်းရည်ဆိုင်၏ ပိုင်ရှင်ဖြစ်သူ ချက်ကြီးသည် ကျဲပါးသွားသော လူများကိုကြည့်ရှု၍ ညိုကြီး ကို စိတ်ထဲမှ ကျိန်ဆဲလိုက်လေ၏။

အဘယ်ကြောင့်ဆိုသော် သူ၏ ထန်းတောသို့ ညိုကြီးရောက်လာလျှင်

သောက်စားမည့်သူ များ တဖြည်းဖြည်း နည်းပါးသွား၍ ဖြစ်၏။

ထိုအခိုက်မှာပင် ထန်းရည်ခါးနှင့် စနိုက်ကြော်ကို မှာယူစားသောက်နေသော သက္ကလပ်ဦး ထုပ်ဆောင်း လူတစ်ယောက်သည် ချက်ကြီးကိုခေါ်၍ ပိုက်ဆံရှင်းလေ၏။

ချက်ကြီးသည် သက္ကလပ်ဦးထုပ်ဆောင်းလူ၏ ဝတ်စားဆင်ယင်ပုံကိုကြည့်၍ ခရီးသွား တစ်ယောက်ဟု ယူဆလိုက်၏။ ထိုသူသည် သက္ကလပ်ဦးထုပ်ကိုဆောင်း၍ အညိုရောင်ဘောင်းဘီ နှင့် ကာကီအကျႌကြီးကို ဖို့ရိုးဖားရား ဝတ်ဆင်ထား၏။ သူ၏ ကျော၌ လည်း လွန်စွာကြီးမားသော လွယ်အိတ်ကြီးကို စလွယ်သိုင်းလွယ်ထားလေ၏။

သက္ကလပ်ဦးထုပ်နှင့်လူ ပိုက်ဆံရှင်းပြီးသောအခါ ချက်ကြီးက လေသံတီးတိုးဖြင့်

"ထန်းတောထဲက မထွက်မီ ညိုကြီးကို နှုတ်ဆက်သွားဦးနော်၊ ညိုကြီးကို ဘယ်သူမဆို နှုတ်ဆက်ရတဲ့ထုံးစံရှိတယ်"

ဟု ပြောလေရာ သက္ကလပ်ဦးထုပ်နှင့်လူက ချက်ကြီးကို ကြည့်၍ ခေါင်းခါယမ်းကာ

"ညိုကြီးနဲ့ကျုပ်မသိဘူး၊ ရင်းနှီးတဲ့ မိတ်ဆွေတွေလဲ မဟုတ်ဘူး၊ ဒါကြောင့် နှုတ်ဆက်စရာ မရှိဘူး"

ဟု ပြောလေရာ ချက်ကြီးသည် သက္ကလပ်ဦးထုပ်နှင့်လူကို စိုးရိမ်ဟန်ဖြင့်ကြည့်၍

"သူ့ကို နှုတ်မဆက်ရင် ခင်ဗျားကို ရန်ရှာလိမ့်မယ်၊ နှုတ်ဆက်လိုက်ပါဗျာ"

ဟု ပြောလေ၏။ သက္ကလပ်ဦးထုပ်နှင့်လူက ချက်ကြီးကို

စကားမတုံ့ပြန်တော့ဘဲ ထန်းတော မှ ကျောခိုင်းထွက်ခဲ့လေ၏ ။

ထန်းရည်သမားများသည် ဖျင်လွယ်အိတ်ကြီးကို စလွယ်သိုင်းလွယ်၍ ညိုကြီးကို နှုတ်မ ဆက်ဘဲ ထွက်ခွာသွားသော လူကို အံ့သြဟန်ဖြင့် ကြည့်ရှုနေလေ၏ ။

ညိုကြီးသည် ထန်းရည်ခွက်ကို တစ်ငုံသောက်၍ သူ့အားနှုတ်မဆက်ဘဲ ကျောခိုင်းထွက် ခွာသွားသော လူစိမ်းကိုကြည့်၍ ဒေါသအိုးပေါက်ကွဲသွားပြီး

"ဟေ့ကောင် ..ရပ်လိုက်စမ်း"

ဟု အမိန့်ပေးလိုက်လေ၏ ။ သက္ကလပ်ဦးထုပ်ဆောင်းလူသည် ကျောခိုင်း၍ လမ်းလျှောက် နေရာမှ ညိုကြီးကို လှည့်၍ ပင်မကြည့်ဘဲ ရပ်လိုက်ပြီး ဆေးပေ့ါလိပ်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက် လေ၏ ။

ညိုကြီးသည် လူစိမ်း၏ မထီလေးစားသော ဟန်ပန်ကြောင့် မျက်မှောင်ကြုတ်၍

"ဟေ့ကောင် ထန်းတောကထွက်ရင် ဘယ်သူမဆို ငါ့ကို ဦးခိုက်ပြီးမှ ထွက်ရတယ်ကွ နားလည်လား"

ဟု အော်ဟစ်ခြိမ်းခြောက်လိုက်လေ၏ ။ လူစိမ်းက လှည့်၍ ပင် မကြည့်ဘဲ

"ဦးခိုက်ရအောင် ခင်ဗျားက ဘာကောင်မို့လို့လဲ"

ဟု မေးမြန်းလိုက်လေ၏ ။

ညိုကြီးသည် ထန်းရည်သမားများ၏ ရှေ့တွင် မထီလေးစားပြုလုပ်ခြင်းကို မခံနိုင်တော့ဘဲ ထိုင်ရာမှထပြီး လူစိမ်းရှိရာသို့ ခြေလှမ်းကြဲကြီးဖြင့် လျှောက်သွားလေ၏ ။

ထန်းရည်သမားများသည် လူစိမ်းအတွက် စိုးရိမ်သွားကြပြီး အချို့လည်း

ပွဲကြီးပွဲကောင်း ကြည့်ရတော့မည်ဟု သဘောထားကာ ထန်းရည်ဝိုင်းမှ ထရပ်လိုက်လေ၏ ။

ညိုကြီးသည် လူစိမ်း၏ အနီးသို့ရောက်သောအခါ ကျောခိုင်းရပ်နေသော လူစိမ်း၏ ပခုံးကို ဆွဲလှည့်၍ မျက်နှာကိုလက်သီးဖြင့် အားကုန်ထိုးလိုက်လေ၏ ။

ထိုအခါ လူစိမ်းက ညိုကြီး၏ လက်သီးကို သူ၏ လက်ဝါးဖြင့်ဆုပ်ကိုင်လိုက်ပြီး ဆတ်ခနဲ လိမ်ချိုးလိုက်သောအခါ ညိုကြီးသည် အားခနဲအော်၍ ကိုယ်ခန္ဓာတစ်ပတ်လည်သွားလေ၏ ။

လူစိမ်းသည် ကိုယ်ခန္ဓာယိမ်းယိုင်သွားသော ညိုကြီး၏ ခါးကို ခြေဖြင့်ကန်လိုက်ပြန်ရာ ညို ကြီးသည် မြေပေါ်သို့ ဝုန်းခနဲ လဲကျသွားလေ၏ ။

ထန်းရည်သမားများသည် မမျှော်လင့်ဘဲ ညိုကြီးလဲကျသွားသဖြင့် လူစိမ်းကို အထင်မသေး ဝံ့သေးဘဲ တအံ့တသြကြည့်ရှုလေ၏ ။

သက္ကလပ်ဦးထုပ်နှင့်လူက ဆေးပေါ့လိပ်ကို ပါးစပ်တွင်ခဲလျက်နှင့်ပင် ညိုကြီးကို မထီလေး စားကြည့်၍

“ဘယ်လိုလဲကိုယ့်လူ၊ ကျုပ်ကို ဦးတိုက်တော့မှာလား”

ဟု ပြောလိုက်ရာ ညိုကြီးသည် ထန်းရည်သမားများ၏ ရှေ့တွင် အရှက်ရနေသဖြင့် လွန်စွာ ဒေါသအိုးပေါက်ကွဲသွားပြီး လဲကျနေရာမှ လူးလဲထ၍ ခါးကြားမှဓါးမြှောင်ကို ထုတ်ကာ လူစိမ်း၏ ရင်ဝအား အားကုန်ထိုးစိုက်လိုက်လေ၏ ။

လူူစိမ်းသည် ကိုယ်ခန္ဓာကို ယိမ်းနွဲ့၍ ဓားမြှောင်ကို ရှောင်တိမ်းလိုက်ပြီး ညိုကြီး၏ ပေါင်ကြားသို့ ဒူးဖြင့်တိုက်လိုက်ရာ ညိုကြီးသည် အင့်ခနဲအော်၍ မေ့မြောသွားလေ၏ ။

ညိုကြီး လဲကျသွားသောအခါ ထန်းရည်သမားများသည်

သက္ကလပ်ဦးထုပ်နှင့်လူကို အံ့သြ စွာဖြင့် ဝိုင်းဝန်းကြည့်ရှုကြလေ၏ ။ ထိုအခါ သက္ကလပ်ဦးထုပ်နှင့်လူက ဦးထုပ်ကို အနည်းငယ်ပင့် တင်၍ ထန်းရည်သမားများကိုကြည့်ကာ

“တကယ်တော့ ဒီလူဟာ အမှိုက်ကလေးတစ်စပါ၊ ကျုပ်ဟာ မြန်မာပြန်အနံ့လှည့်ပြီး ညိုကြီး လို အမှိုက်ကလေးတွေကို ရှင်းပစ်နေတဲ့ လူမျိုးပါ၊ ညိုကြီး သတိရလာရင် ပြောလိုက်ပါ၊ သူ့ကို မြေကြီးပေါ်မှာ လှဲသိပ်သွားတဲ့လူရဲ့နာမည်က ချိန်ခွင်လို့ခေါ်ပါတယ်၊ တကယ်တော့ သဘာဝ လောကကြီးမှာ တရားမျှတမှုတွေရှိနေဖို့အတွက် ချိန်ခွင်လိုလူစားမျိုးတွေ အများကြီးရှိဖို့လိုပါတယ်၊ ဒါပါပဲ၊ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်၊ ကျုပ်ကိုခွင့်ပြုပါဦး”

ဟု ပြောကာ ပါးစပ်အဟောင်းသားနှင့် ကြည့်ရှုနေသော ထန်းရည်သမားများကို ကျောခိုင်းထွက်ခွာသွားလေတော့၏ ။

***

တစ်နေ့သ၌ မြန်မာပြည်အလယ်ပိုင်း မြို့ကလေးတစ်မြို့၏ မြို့စွန်ရှိ လွန်စွာကြီးမားသော ခြံကြီးရှေ့တွင် ဆင်းရဲနွမ်းပါးသော လူတစ်စုသည် စုရုံး၍ တစ်စုံတစ်ရာကို စောင့်မျှော်နေဟန်ဖြင့် ခြံကြီးသို့ လှမ်းကြည့်နေကြ၏။

ခဏကြာလျှင် ခြံကြီးထဲမှ ရှမ်းဘောင်းဘီ ဝတ်ဆင်ထားသော လူလေးဦးသည် ခြံတံခါးကြီး ကို လာရောက်ဖွင့်လှစ်လေ၏။

ခြံတံခါးပွင့်သောအခါ ဆင်းရဲနွမ်းပါးသူများထဲမှ အဘွားကြီးတစ်ဦးက

"မင်းသမီးလေး ထွက်မလာသေးဘူး၊ ကျန်းမာချမ်းသာပါစေ"

ဟု တီးတိုးဆုတောင်းလေရာ မိန်းမတစ်ဦးကလည်း

"စိတ်သဘောထားကောင်းမွန်တဲ့သူကို သမ္မာဒေဝနတ်ကောင်း မြတ်တွေက စောင့်ရှောက် မှာပါတော်"

ဟု ပြောဆိုလေ၏။ ထိုအခိုက်မှာပင် ကြီးမားသော ခြံကျယ်ကြီး၏ အပေါက်တွင် အစိမ်း ရောင် ဝတ်စုံကို ဝတ်ဆင်ထားသော မိန်းမချောလေးတစ်ယောက်နှင့် သူမ၏ အခြံအရံမိန်းကလေး များကို တွေ့ရလေ၏။

မိန်းမချောလေး၏ အခြံအရံမိန်းမပျိုများသည် အဖြူရောင်ထက်အောက် ဆင်တူဝတ်ဆင် သွားပြီး မိန်းကလေးတစ်ဦးက ငွေဖလားကြီးတစ်လုံးကို ပိုက်ထားလေ၏။ ငွေဖလားကြီးထဲတွင် ငွေ စက္ကူများ ပြည့်သိပ်အောင်ထည့်ထားလေ၏။

အစိမ်းရောင်မိန်းမချောလေး ခြံဝသို့ရောက်သောအခါ

ဆင်းရဲနွမ်းပါးသူများက

“မင်းသမီးလေး ကျန်းမာချမ်းသာပါစေ”

ဟု ဝိုင်းဝန်းဆုတောင်းလိုက်လေ၏ ။ ထိုအခါ အစိမ်းရောင် မိန်းမချောလေးက ဆင်းရဲနွမ်း ပါးသူများကို ကရုဏာသက်သော မျက်ဝန်းများဖြင့် ကြည့်ရှု၍

“ဘဘာဝလောကကြီးမှာ နေထိုင်တဲ့သူတိုင်း ရှေးဘဝက ဝဋ်ကြွေးမကင်းတော့ ဆင်းရဲဒုက္ခကို ခံကြရမှာပါရှင်၊ ဒီအတွက် စိတ်ပျက်အားလျော့ခြင်းမရှိပါနဲ့၊ ဝဋ်ကြွေးကုန်ရင်တော့ ဆင်းရဲနွမ်းပါးခြင်းက လွတ်ကင်းကြမှာပါ၊ ကဲ … ကျွန်မရဲ့ အလှူဒါနလေးကို လက်ခံယူကြပါနော်”

ဟု သာယာသော အသံကလေးဖြင့် ပြောဆိုရင်း သူမ၏ အနောက်ရှိ အခြံအရံမိန်းကလေး များဘက်သို့ လှည့်လိုက်ရာ မိန်းကလေးများက ငွေဖလားကြီးကို ကိုင်၍ မိန်းမချောလေးအနီးသို့ တိုးကပ်လာလေ၏ ။

မိန်းမချောလေးသည် ငွေဖလားကြီးထဲရှိ ငွေစက္ကူများကို ယူ၍ ဆင်းရဲနွမ်းပါးသောလူများ ကို အညီအမျှ ခွဲဝေလှူဒါန်းလေ၏ ။

ဆင်းရဲနွမ်းပါးသူများသည် မိန်းမချောလေး လှူဒါန်းသောငွေစက္ကူများကို လက်ခံယူ၍ မိန်းမ ချောလေးကို ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောဆိုကြလေ၏ ။

မိန်းမချောလေးသည် ဆင်းရဲနွမ်းပါးသူများအား ငွေစက္ကူများကို အညီအမျှ ခွဲဝေပေးပြီး နောက် သူမ၏ ငွေဖလားကြီးထဲတွင် ငွေစက္ကူများ ကုန်စင်သွားလေ၏ ။

မိန်းမချောလေးသည် ငွေစက္ကူများကို ခွဲဝေပေးပြီးနောက်

“ကျွန်မတို့ နောက်တစ်ကြိမ် ပြန်လည်ဆုံစည်းကြဦးမှာပါ၊ အားလုံးကို

မေတ္တာရပ်ခံချင်တာ က တကယ်ဆင်းရဲနွမ်းပါးသူတွေကို အလှည့်ပေးကြပါ၊ ကိုယ်တစ်ကိုယ်တည်း အမြဲတန်းရယူဖို့ မ ကြိုးစားပါနဲ့”

ဟု ပြောကာ သူမ၏ ခြံဝင်းထဲသို့ ပြန်လည်ဝင်ရောက်ရန် ပြင်ဆင်လိုက်၏။

ထိုအခါ ဆင်းရဲနွမ်းပါးသူများက

“မင်းသမီးလေး ကျန်းမာချမ်းသာပါစေ”

ဟု အော်ဟစ်ပြီး ဆုတောင်းလိုက်လေ၏။

ထိုအခိုက်မှာပင် အနက်ရောင်ကားတစ်စီးသည် ကျယ်လောင်သော ဟွန်းသံကိုပြု၍ လူအုပ်ကြီးအနီးသို့ ရောက်ရှိလာလေ၏။

ထိုအခါ လူအများသည် ကားလမ်းနဘေးသို့ လျှင်မြန်စွာဆင်းသက်ပေးကြသော်လည်း ကားပေါ်မှလူသည် စိတ်မရှည်ဟန်ဖြင့် ကားဟွန်းကို တတီတီမြည်အောင် တီးလေ၏။

ထိုအခါ ခြံဝမှကြည့်ရှုနေသော မိန်းမချောလေးသည် မျက်မှောင်ကြုတ်၍ ကားကိုကြည့်ရှု လိုက်ပြီး

“ဩော်....ဘာကြောင့်များ ဒီလောက်အရင်လိုနေတာလဲမသိဘူး၊ ဆင်းရဲသားတွေကို ကိုယ်ချင်းမစာနိုင်ဘူးနော်၊ ဘယ်လိုလူများလဲ”

ဟု ရေရွတ်လိုက်ပြီး ကားအတွင်းမှလူကိုကြည့်၍ စိတ်မသက်သာဟန်ဖြင့် သက်ပြင်းချ လိုက်၏။

ကားထဲတွင်လိုက်ပါလာသူသည် တံခါးပေါက်မှခေါင်းပြု၍ မိန်းမချောလေးကိုကြည့်လိုက်ပြီး

“ဘာကြောင့်များ ဆင်းရဲသားတွေကို ဒီလောက်အလှူအတန်းတွေ ပြုနေရတာ လဲ မနန်းယဉ်၊ ဒီလူတွေဟာ လူဖျင်းလူညံ့တွေဗျ၊ အလုပ်ကို

လက်ကြောတင်းအောင် မလုပ်ချင်လို့ ဆင်းရဲနေကြတာ၊ ဒီလို အချောင်သမားတွေကို မနန်းယဉ်ရဲ့ပိုက်ဆံတွေ အကုန်ခံပြီး အလှူပြုမနေ ပါနဲ့ဗျာ၊ ကိုယ့်ဘာသာ အကျိုးရှိတဲ့နေရာမှာ အသုံးချလိုက်စမ်းပါ”

ဟု ပြောလေရာ မနန်းယဉ်ဆိုသော မိန်းမချောလေးသည် ခေါင်းကိုခါယမ်း၍

“ဆင်းရဲနွမ်းပါးတယ်ဆိုတာ လူရည်လူသွေးညံ့ဖျင်းလို့ ဆင်းရဲသလို ရှေးဘဝကုသိုလ်ကံမ ကောင်းလို့ အဆင်မပြေတဲ့လူတွေ အများကြီးပါ၊ အဲဒီ လိုလူတွေကို ကရုဏာသက်လွန်းလို့ ကျွန်မ အလှူပြုနေတာပါ”

ဟု ပြောလေ၏ ။

ထိုအခါ ကားထဲရှိလူက တဟားဟား ရယ်မော၍

“ဟား ဟား ဟား .. မနန်းယဉ် မနန်းယဉ်၊ ခင်ဗျားရဲ့ စည်းစိမ်ဥစ္စာတွေ ပေါများလွန်းတော့ လဲ ဒီလိုအလှူကြီးလုပ်နိုင်တာပေ့ါ၊ ရှေ့ဆက်ပြီး ဒီလို အလှူအတန်းတွေအများကြီး လုပ်နိုင်ပါစေ လို့ ဆုတောင်းလိုက်ပါတယ်၊ ဆင်းရဲသားတွေလဲ ခင်ဗျားရဲ့အလှူအတန်းကြောင့် ကိုယ်ကျန်းမာလို့ စိတ်ချမ်းသာကြပါစေဗျာ”

ဟု ငေါ့တော့တော့ ဆုတောင်းကာ သူ၏ ကားကို မောင်းနှင်ရန် ဒရိုင်ဘာကို အချက်ပြလိုက် လေ၏ ။ ထိုအခါ ကုလားဒရိုင်ဘာသည် ကားကို မောင်းနှင်ရန် ပြင်ဆင်လိုက်ရာ သူ၏ လည်ပင်းကို ကားအပြင်မှ လူတစ်ယောက်က ဆုပ်ကိုင်လိုက်ပြီး

“ဟေ့လူ ..ကားကို မထွက်နဲ့ဦး”

ဟု အမိန့်ပေးလိုက်ရာ ဒရိုက်ဘာသည် အထိတ်တလန့်ဖြင့် အပြင်သို့ကြည့်လိုက်ရာ မုတ် ဆိတ်မွေး၊ ပါးမြိုင်းမွေးများရှိသော လူလတ်ပိုင်းအရွယ်

လူတစ်ဦးကို တွေ့ရလေ၏ ။

ထိုလူသည် သက္ကလပ်ဦးထုပ်တစ်လုံးကို ဆောင်းထားပြီး ဆေးပေါ့လိပ်တစ်လိပ်ကို နှုတ်ခမ်းတွင် ခဲထားလေ၏ ။ သက္ကလပ်ဦးထုပ်ဆောင်းထားသောလူက ကားအနောက်သို့ လက်ညှိုး ညွှန်ပြ၍

"ကိုယ့်လူတို့ကားကို ဗရမ်းဗတာ မောင်းလို့ အမယ်အိုကြီးတစ်ယောက် ခြေခေါက်ပြီး လဲ ကျသွားတာ မထနိုင်တော့ဘူး၊ အဲဒီ ကိစ္စကို ဘယ်လိုရှင်းမလဲ"

ဟု ကြိမ်းမောင်းလိုက်ရာ ဒရိုင်ဘာသည် သူ၏ နဘေးတွင် ထိုင်နေသူကို လှမ်းကြည့်လိုက် လေ၏ ။

ထိုအခါ ကားပိုင်ရှင်က ဒရိုင်ဘာကို ကားထွက်ရန် မျက်ရိပ်ပြလိုက်ရာ ဒရိုင်ဘာသည် ကားထွက်ရန် ဂီယာကိုထိုးလိုက်သဖြင့် သက္ကလပ် ဦးထုပ်နှင့်လူက ကားသော့ကို ဆွဲယူလိုက်၏ ။

သက္ကလပ်ဦးထုပ်နှင့်လူက ကားသော့ကို လက်ထဲတွင် ဆော့ကစားရင်း ကားပိုင်ရှင်ရှိရာ ဘက်သို့ လျှောက်သွားပြီး

"ဟဲဟဲ...ကားကို ဗရမ်းဗတာမောင်းပြီး ပြဿနာဖြစ်တော့ ဆင်းရဲသားတွေဆိုပြီး ဥပေက္ခာ ပြုထားမယ်ဟုတ်လား၊ ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ ကျုပ်နာမည် ချိန်ခွင်တဲ့၊ လောကမှာ ဟောဒီလို တရားမမျှတမှုတွေမြင်တိုင်း တရားမျှတအောင် ချိန်ညှိပေးနေတဲ့လူပဲ"

ဟု ပြောလေရာ ကားပိုင်ရှင်က သက္ကလပ်ဦးထုပ်နှင့်လူကို မကျေမနပ်ကြည့်၍

"ဟေ့ကောင် ငါ့ကို ဘာကောင်များအောက်မေ့လို့လဲ၊ ဒီမြို့ရဲ့ မြို့ပိုင်ကွ၊ မင်းကို အမှုဆင်ပြီး ဒုက္ခအမျိုးမျိုးပေးလို့ရတယ်၊ နားလည်လား"

ဟု ခြိမ်းခြောက်လိုက်ရာ ကိုချိန်ခွင်ဆိုသူက ရယ်စရာကောင်းသော

ပြက်လုံးတစ်ခုကို နား ဆင်ရသကဲ့သို့ တဟားဟားရယ်မောလိုက်ပြီး

“ဟား ဟား ဟား...အမှုဆင်ပြီး ဒုက္ခပေးလို့ရတယ်ဟုတ်လား၊ ကျုပ်လိုကောင်က ဒုက္ခဆို တာ ဂျိုနဲ့လားလို့ မေးနေတဲ့ကောင်ဗျ၊ ဒုက္ခရောက်မှာ ကြောက်တဲ့သူမဟုတ်ဘူး၊ ဒါကြောင့် ကြိုက် တဲ့အမှုကို ဆင်ပေတော့၊ လောလောဆယ် အမယ်အိုကြီး ဆေးကုဖို့ ငွေ ၅-ကျပ် ပေးခဲ့”

ဟု ငွေကို တောင်းယူလိုက်လေ၏။

မြို့ပိုင်သည် ကိုချိန်ခွင်ဆိုသူကိုကြည့်၍ သူ၏ လက်စွဲတော် ခြောက်လုံးပြူးသေနတ် ပါမလာခဲ့ခြင်းကို နောင်တရနေလေ၏။ သူ၏ ဒရိုင်ဘာသည် သူရသတ္တိရှိသူမဟုတ်ဘဲ ကြောက်ရွံ့ တတ်သူတစ်ယောက်ဖြစ်၏။

ထို့ကြောင့် ကိုချိန်ခွင်ကို မကျေမချမ်းကြည့်၍ သူ၏ ပိုက်ဆံအိတ်ထဲမှ ငွေငါးကျပ်ထုပ်ပေး လိုက်ရလေ၏။ ထိုအခါမှပင် ကိုချိန်ခွင်က ဒရိုင်ဘာကုလားအား ကားသော့ပြန်ပေးလေ၏။

ကားထွက်သွားသောအခါ မြို့ပိုင်သည် ကိုချိန်ခွင်ကို ဆဲဆို၍ ထွက်သွားလေ၏။ ကိုချိန်ခွင် သည် ၎င်းတို့၏ စကားကို နားမထောင်တော့ဘဲ မြေပေါ်တွင်ခြေခေါက်၍ လဲကျနေသော အဘွားအို ထံသို့ ရှိသောစွာသွား၍ ဆေးကုရန် ငွေငါးကျပ်ကို ပေးအပ်လိုက်လေရာ အဘွားအိုသည် ကိုချိန်ခွင်အား ကျေးဇူးတင်စကား အကြိမ်ကြိမ်ပြောလေ၏။

ကိုချိန်ခွင်သည် အဘွားအို၏ လက်ထဲသို့ ငွေငါးကျပ်အပ်ပြီးသောအခါ ခြံပေါက်ဝတွင် ရပ် ကြည့်နေသော မိန်းမချောလေးကို ဣန္ဒြေရရ လှမ်းကြည့်၍ ထိုနေရာမှ ထွက်ခွာသွားလေ၏။

အစိမ်းရောင်ထက်အောက် ဝတ်ဆင်ထားသော မိန်းမချောလေးသည် ကိုချိန်ခွင်၏ နောက် ကျောကိုကြည့်၍ လေသံတီးတိုးဖြင့်

“ကမ္ဘာမြေကြီးမှာ တရားမျှတမှုတွေ ရှိနေဖို့အတွက် သူလိုလူမျိုးတွေ အများကြီးရှိနေဖို့ လိုအပ်ပါတယ်၊ နာမည်က ကိုချိန်ခွင်တဲ့၊ လူနဲ့နာမည်နဲ့ လိုက်ဖက်ညီပါပေတယ်”

ဟု ရေရွတ်လိုက်လေတော့၏။

***

ကိုချိန်ခွင်သည် မြို့တစ်နေရာသို့ ရောက်သောအခါ အရိပ်ကောင်းစွာရရှိသော သစ်ပင် ကြီးများအနီးတွင် ဇရပ်တစ်ဆောင်ကို တွေ့ရလေ၏ ။

သူသည် ဇရပ်ပေါ်တွင် ထမင်းစားရန် ကြံစည်လိုက်ပြီး ဇရပ်သို့ ရောက်သောအခါ ထမင်း ထုပ်ကိုဖွင့်၍ စားသောက်လေတော့၏ ။ ကိုချိန်ခွင်သည် ထမင်းစားပြီးနောက် ဆေးပေါ့လိပ်တစ်လိပ် ကို မီးညှို့၍ ဖွာရှိုက်လေ၏ ။

ပြီးနောက် ဇရပ်ကြမ်းပြင်ပေါ်တွင် လှဲ၍ တရေးတမော အိပ်စက်ရန် ကြံစည်လေ၏ ။ ကိုချိန် ခွင် အိပ်မပျော်မီ အချိန်ကလေးတွင် ဇရပ်ပတ်ဝန်းကျင်ရှိ သစ်ရွက်ခြောက်များကို နင်းခြေသံကြားရ လေ၏ ။

ထိုအသံများသည် ဇရပ်ပတ်ဝန်းကျင်အနှံ့မှ ကြားရသဖြင့် ကိုချိန်ခွင်သည် မိမိအား လုပ်ကြံ မည့်ရန်သူများ ရောက်ရှိနေပြီဟု သိလိုက်လေ၏ ။

ထို့ကြောင့် ပက်လက်အိပ်ပျော်လျက်က ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သောအခါ တုတ်ဓားလက်နက်များ ကိုင်ဆောင်ထားသော လူ (၇) ယောက်သည် ဇရပ်အနီးသို့ တိတ်တဆိတ် ချဉ်းကပ်လာကြောင်းတွေ့ရ၏ ။

ကိုချိန်ခွင်သည် သတိကြီးစွာထား၍ ကြမ်းပြင်ပေါ်တွင် ဆက်လက်အိပ်စက်နေ၏ ။ ရန်သူများသည် ဇရပ်လှေကားဝသို့ တိတ်တဆိတ်ချဉ်းကပ်လာပြီး မျက်လုံးမှိတ်၍ အိပ်စက်နေဟန် ရှိသော ကိုချိန်ခွင်ကို မြင်သောအခါ မျက်ရိပ်ပြ၍ ဝင်ရောက်ရိုက်နှက်ရန် ပြင်လေ၏ ။

ကိုချိန်ခွင်သည် ရန်သူများအနီးသို့ ရောက်သောအခါ လှဲအိပ်နေရာမှ

ခုန်ထ၍ အနီးဆုံးရန် သူတစ်ဦး၏ ရင်ဝကို လက်သီးဖြင့် ထိုး၍ ကျန်သူတစ်ဦး၏ မျက်နှာကို ခြေဖြင့်ကန်ထည့်လိုက်၏ ။

ရန်သူများသည် ရုတ်တရက် တိုက်ခိုက်ခံရသဖြင့် ကြောင်အမ်းအမ်းဖြစ်သွားလေ၏ ။ ကိုချိန်ခွင်သည် ရန်သူများကို အေးတိအေးစက်ကြည့်၍

"တုတ်တွေ ဓားတွေကိုင်ပြီး ကျုပ်ကို တိုက်ခိုက်ဖို့ကြံတာ ဘယ်လို ရန်ငြိုးရန်စကြောင့်လဲ"

ဟု မေးမြန်းလိုက်လေရာ ရန်သူအုပ်စု၏ ခေါင်းဆောင်ဖြစ်ဟန်တူသူက မဲ့ပြုံးပြုံး၍

"မင်းကို မှတ်လောက်သားလောက်အောင် ရိုက်နှက်ဖို့ မြို့ပိုင်မင်းက ပိုက်ဆံတစ်ဆယ်ပေး ပြီး ခိုင်းတာကွ"

ဟု ပြောလေ၏ ။ ထိုအခါ ကိုချိန်ခွင်က တဟားဟားရယ်မော၍

"ဟား ဟား ဟား ..ခင်ဗျားတို့ အတော်မိုက်မဲတဲ့လူတွေပဲ၊ ပိုက်ဆံလေးတစ်ဆယ်ကိုယူပြီး ကျုပ်ကို ရိုက်နှက်မလို့လား၊ ကျုပ်ဟာ မြန်မာပြည်အနှံ့လှည့်ပြီး ခင်ဗျားတို့လို လူမိုက်ပေါက်စတွေ နဲ့ လူမိုက်ရင့်မကြီးတွေကို ပညာပေးနေတဲ့ကောင်ဗျ၊ သတ္တိကောင်းရင်တော့ ရိုက်ဖို့ကြိုးစားလေ၊ ထိပ်ပေါက်ခေါင်းကွဲဖြစ်ရင်တော့ ကျုပ်ကို အဆိုးမဆိုနဲ့"

ဟု ခြိမ်းခြောက်လိုက်လေ၏ ။

ထိုအခါ လူမိုက်များသည် စိတ်မထိန်းနိုင်တော့ဘဲ ကိုချိန်ခွင်ကို ဝင်ရောက်ရိုက်နှက်လေ၏ ။

ကိုချိန်ခွင်သည် လူမိုက်နှစ်ဦး၏ တုတ်များကိုခြေဖြင့် လျှင်မြန်စွာ ခက်ထုတ်လိုက်ရာ တုတ် များ လွင့်စင်သွားလေ၏ ။

ထို့နောက် အနီးသို့ လှံတိုတစ်ချောင်းနှင့် ရောက်ရှိလာသော လူမိုက်ခေါင်းဆောင်ကို ချုပ် ကိုင်၍ ကိုင်ပေါက်လိုက်လေ၏။ ကျန်လူမိုက်တစ်ဦးကိုလည်း ချုပ်ကိုင်၍ တတောင်ဖြင့် ထောင်း လိုက်လေ၏။

ကိုချိန်ခွင်သည် လူမိုက်များကို ဇရပ်ကြမ်းပြင်ပေါ်သို့ တစ်ယောက်ပြီးတစ်ယောက် တိုက်ခိုက်နေလေရာ လူမိုက်ခေါင်းဆောင်သည် အခြေအနေမဟန်မှန်းသိ၍ လဲကျနေရာမှ လူးလဲ ထ၍ ထိုနေရာမှ ပြေးလေတော့၏ ။

ကိုချိန်ခွင်က ဇရပ်ပေါ်မှ ထွက်ပြေးသွားသော လူမိုက်များကို ကြည့်ရှု၍ တဟားဟားရယ် မောကာ

"ဟား ဟား ဟား ... မြို့ပိုင်မင်းကိုပြောလိုက်၊ အမှိုက်ကလေးတွေကို မလွှတ်နဲ့၊ သတ္တိရှိရင် ကိုယ်တိုင်လာပြီး ရင်ဆိုင်တိုက်ခိုက်လို့ပြောလိုက်"

ဟု အော်ဟစ်ပြောဆိုလိုက်လေတော့၏။ ထိုအခိုက်မှာပင် သူ၏ အနောက်မှ လက်ခုပ်တီး သံ တဖြောင်းဖြောင်း ကြားလိုက်ရ၏။

ကိုချိန်ခွင်သည် လက်ခုပ်သံကြောင့် အနောက်သို့လှည့်ကြည့်လိုက်လေ၏ ။

ထိုအခါ ဇရပ်အနီးရှိ ကျောက်တုံးပေါ်တွင်ထိုင်နေသော အသက်ငါးဆယ်ဝန်းကျင် လူကြီး တစ်ဦးကို တွေ့ရလေ၏။

လူကြီးသည် တစ်ခေါင်းလုံး ဖြူဖွေးနေပြီး ပိန်လှီနေသော သဏ္ဍာန်ရှိလေ၏။ လူကြီး၏ အရှေ့၌ ကွေကရားတစ်လုံးနှင့် ကွေခွက်လေးများရှိနေ၏။ လူကြီးက

"မောင်ရင်တိုက်ခိုက်တာ ကြည့်လို့သိပ်ကောင်းတယ်၊ အသက်ဘေးနဲ့ရင်ဆိုင်နေရတာ တောင် ပျာယာခတ်မနေဘူး၊ အေးတိအေးစက်

အမူအရာရှိတယ်၊ ကိုယ်ခံပညာ ကောင်းကောင်း တတ်ပုံရတယ်၊ ကျုပ်အထင်တော့ မောင်ရင်ရဲ့ သိုင်းပညာဟာ မြန်မာ့သိုင်းပညာသာ မကဘူး၊ အရှေ့တိုင်းက သိုင်းပညာတော်တော်များများကို တတ်မြောက်နေပုံရတယ်၊ သိုင်းကွက်တွေဟာ ဆန်းကြယ်ပြီး ထိရောက်တယ်”

ဟု ချီးမွမ်းလေရာ ကိုချိန်ခွင်သည် ကိုယ်ခံပညာအကြောင်းကို ကောင်းစွာသိကျွမ်းပုံရသော လူကြီးကိုကြည့်၍

“ဟုတ်ပါတယ်ဗျာ၊ ကျုပ်ဟာ ကိုယ်ခံပညာတော်တော်များများကို လေ့လာထားခဲ့ဖူးတယ်၊ ခင်ဗျားက ကိုယ်ခံပညာကို နားလည်တတ်ကျွမ်းပုံရတယ်”

ဟု မှတ်ချက်ချလေ၏။ ထိုအခါ လူကြီးက မျက်လုံးမှေးစက်၍ အဝေးသို့ကြည့်ကာ

“ကိုယ်ခံပညာကို နားလည်တတ်ကျွမ်းဖူးပါတယ်၊ ဒါပေမယ့် ဒီအချိန်မှာ အားလုံးကို ကျုပ် မေ့ထားလိုက်ပြီ၊ မေ့မထားလို့လည်း မရတော့ဘူးလေ၊ ဟောဒီက ကျုပ်ရဲ့ ခြေထောက်တစ်ဖက်က လုံးဝ မသန်တော့ဘူး”

ဟုဆိုကာ သူ၏ အနီးတွင် ထောင်ထားသော ချိုင်းထောက်ကို ထောင်ပြလေ၏။

ကိုချိန်ခွင်သည် လူကြီးကို ကရုဏာသက်ဟန်ဖြင့် ကြည့်ရှု၍ သက်ပြင်းချလိုက်ပြီး

“ပညာရှင်တစ်ယောက်နဲ့ ကိုယ်ခံပညာချင်း ယှဉ်ပြိုင်ရာက ခြေထောက်ကို ဒဏ်ရာရသွား ခဲ့တယ်နဲ့တူတယ်၊ ကျုပ်အထင်တော့ ခင်ဗျားနဲ့ပညာပြိုင်တဲ့လူဟာ ကောက်ကျစ်တဲ့နည်းနဲ့ ယှဉ်ပြိုင်သွားတာ ဖြစ်မယ်၊ ရိုးရိုးသားသား ယှဉ်ပြိုင်မယ်ဆိုရင်တော့ ဒီလိုဒဏ်ရာမျိုး မရနိုင်ဘူး”

ဟု မှတ်ချက်ချလေ၏။ လူကြီးက မျက်မှောင်ကြုတ်၍ အဝေးသို့

ေးကြည့်နေရာမှ

“သိပ်ဟုတ်တာပေါ့၊ မောင်ရင်ဟာ တော်တော်တဲ့လူပဲ၊ ကျုပ်နဲ့အတူလာပြီး အကြမ်း သောက်ဖို့ ဖိတ်ခေါ်ပါတယ်”

ဟု ဖိတ်ခေါ်လိုက်လေ၏။ ကိုချိန်ခွင်သည် လူကြီး၏ ဖိတ်ခေါ်ချက်ကြောင့် ဇရပ်အနောက်သို့ ပေါ့ပါးစွာ ခုန်ကူးလိုက်လေ၏။

လူကြီးက ကိုချိန်ခွင်၏ ခုန်ပျံကျော်လွှားသော ဟန်ပန်ကိုကြည့်၍

“မောင်ရင်က ကျုပ်ထင်တာထက်တောင် ပညာစုံတဲ့သူပဲ၊ ကျွမ်းဘားပညာကိုလည်း ကောင်းကောင်းတတ်ပုံရတယ်”

ဟု ချီးကျူးလေ၏။

ကိုချိန်ခွင်သည် ကျောက်တုံးပေါ်သို့ ရောက်သည်နှင့် လူကြီးကို ဘယ်ညာလက်သီးများဖြင့် လျှင်မြန်စွာတိုက်ခိုက်လိုက်၏။ လူကြီးသည် ကိုချိန်ခွင်၏ လက်သီးချက်များကို တင်ပျဉ်ခွေထိုင် လျက်ပင် ရိုက်ဖယ်ထုတ်လေ၏။

ကိုချိန်ခွင်သည် လူကြီး၏ လက်သိုင်းဟန်ကိုကြည့်ရှု၍ သက်ပြင်းချလိုက်ပြီး

“ရှမ်းတရုတ်လက်သိုင်းကစားတာ သိပ်ကောင်းတာပဲ”

ဟု ချီးမွမ်းခန်း ဖွင့်လိုက်လေ၏။ ကိုချိန်ခွင်သည် ချိုင်းထောက်နှင့် လူကြီး၏ ပညာအတိမ် အနက်ကို စမ်းသပ်လိုက်ခြင်းဖြစ်၏။ လူကြီးက တဟားဟားရယ်မော၍

“ဟား ဟား ဟား ..ကျုပ်က အသက်ကြီးပါပြီဗျာ၊ ရှမ်းကြီး လက်သိုင်းဟာ မလျှင်မြန်တော့ ပါဘူး၊ မောင်ရင်ကတော့ ဗန်တိုဗန်ရှည်ရော၊ မြန်မာ့လက်ဝှေ့ရော၊ ရှမ်းကြီးသိုင်းရော၊ ရှမ်းတရုတ်သိုင်းရော အတော်ပညာစုံတဲ့လူပဲ၊ တကယ်တော့ ရင်ဆိုင်တိုက်ပွဲတွေမှာ ပညာစုံတဲ့လူက

တစ်ပန်းသာတာပါပဲ”

ဟု ချီးမွမ်းခန်းဖွင့်လေ၏ ။ ထို့နောက်တွင်မူ လူကြီးနှင့် ကိုချိန်ခွင်သည် ကိုယ်ခံပညာရပ်များ နှင့် ပတ်သက်၍ ဆွေးနွေးကြလေ၏ ။

ညမှောင်ရီသမ်းစပြုလာသောအခါမှပင် ချိုင်းထောက်နှင့်လူကြီးက ကောင်းကင်ကို မော့ကြည့်၍

“ကဲ…စကားပြောလို့တော့ ကောင်းတယ်၊ ညနေစောင်းပြီ၊ ကျုပ်သွားတော့မယ်၊ မောင်ရင် ဒီဇရပ်မှာ ရှိနေဦးမယ်ဆိုရင်တော့ နောက်တစ်နေ့ဆက်ပြီး ဆွေးနွေးကြတာပေ့ါ”

ဟု ပြောလေ၏ ။ ထိုအခါ ကိုချိန်ခွင်က လူကြီးကိုကြည့်ရှု၍

“ကျုပ်တို့စကားပြောတာ အချိန်တွေ အတော်လင့်သွားတယ်၊ တစ်ယောက်နဲ့တစ်ယောက် မိတ်မဆက်ရသေးဘူး၊ ကျုပ်နာမည် ချိန်ခွင်လို့ခေါ်တယ်၊ အလုပ်အကိုင်ကတော့ မြန်မာပြည်အနှံ့ လှည့်ပြီး တရားမမျှတမှုတွေမြင်ရင် ကူညီဖြေရှင်းတယ်၊ မကောင်းသူပယ် ကောင်းသူကယ်တဲ့ အ လုပ်ကို လုပ်တယ်”

ဟု ပြောလေရာ ချိုင်းထောက်နှင့်လူကြီးက ခေါင်းညိတ်၍

“သိပ်ကောင်းတဲ့အလုပ်ပဲ၊ ဒါဟာ လောကပါလအလုပ်ပဲ၊ လောကကို စောင့်ရှောက်ဖို့ အရည်အချင်းရှိတဲ့ လူပုဂ္ဂိုလ်တွေ အများကြီး လိုအပ်တယ်။ ကျုပ်နာမည်ကတော့ သက္ကလို့ခေါ် တယ်၊ အလုပ်အကိုင်ကတော့ ဟောဟိုမြင်နေရတဲ့ သချႋုင်းမှာ သုဘရာဇာ အလုပ်လုပ်တယ်၊ သု ဘရာဇာအလုပ်မရှိတဲ့အခါ ဆေးလေးဘာလေး ကုတယ်၊ လူတွေဟာ သုဘရာဇာကို ရွံရှာကြပေမဲ့ ကျုပ်ရဲ့ ဆေးပညာက ကောင်းလွန်းတော့ မျက်စိမှိတ်ပြီး အကုသခံကြတာများတယ်”

ဟု ပြောလေ၏ ။ ကိုချိန်ခွင်က သက္ကဟုခေါ်သော သုဘရာဇာကြီးကို ကြည့်၍

“ဟောဒီဇရပ်ကြီးမှာ ကျုပ်တစ်ရက်နှစ်ရက် နေဦးမှာပါ၊ နောက်ထပ် တွေ့ကြသေးတာပေါ့”

ဟု ပြောလေ၏။ ကိုချိန်ခွင်၏ စကားကြောင့် ဦးသက္ကက ခေါင်းညိတ်၍

“ကျုပ်ကလည်း လောကပါလအလုပ်ကို လုပ်နေတဲ့ မောင်ရင့်ကို စကားတွေ အများကြီး ပြောချင်ပါသေးတယ်”

ဟု ပြောကာ ကျောက်တုံးကြီးပေါ်မှ ခုန်ချ၍ ချိုင်းထောက်ကြီးကို တဒေါက်ဒေါက်ထောက် ကာ သချႋုင်းရှိရာဘက်သို့ ထွက်ခွာသွားလေတော့၏။

ကိုချိန်ခွင်သည် ဦးသက္ကထွက်ခွာသွားသောအခါ မြို့ထဲသို့ထွက်၍ ထမင်းဆိုင်တစ်ဆိုင်တွင် ထမင်းစားသောက်လေ၏။

သူသည် ထိုမြို့ကလေးတွင် နေထိုင်ရန် ဆန္ဒရှိသေးသဖြင့် တစ်ရက် နှစ်ရက်ခန့်နေထိုင်ရန် ဆုံးဖြတ်လိုက်၏။ ကိုချိန်ခွင်သည် ထမင်းစားသောက်ပြီးနောက် လရောင်အောက်တွင် လမ်း လျှောက်၍ ဇရပ်ဆီသို့ ပြန်ခဲ့လေ၏။

***

ဇရပ်သို့ အပြန်လမ်းတွင် သချႋုင်းကုန်းကို ဖြတ်သန်းရသဖြင့် အကာလ ညအခါတွင် အသည်းထိတ်ဖွယ် ကောင်းလှ၏ ။

ကိုချိုန်ခွင်သည် ဇရပ်သို့ရောက်သောအခါ တိဘတ်လားမားကြီးများ၏ နည်းလမ်းအတိုင်း ကိုယ်ခန္ဓာရှိ တင်းမာသောအကြောများကို လျှော့ချရင်း အိပ်ပျော်သွားလေ၏ ။

ကိုချိုန်ခွင်သည် အိပ်ရာမှ လန့်နိုးသောအခါ ညဥ့်သန်းခေါင်ကျော်၍ နေချေပြီ။

ဇရပ်ကြီးသည် သချႋုင်းနှင့် မနီးမဝေးတွင်ရှိသဖြင့် လရောင်အောက်တွင် သချႋုင်းမြေပုံများ ကို ဝိုင်းတဝါးမြင်ရလေ၏ ။ ထိုအခိုက်မှာပင် ခွေးတစ်ကောင်က ဆွဲဆွဲငင်ငင် အူလိုက်သောကြောင့် အသည်းထိတ်ဖွယ်ကောင်းလှတော့၏ ။

ကိုချိုန်ခွင်သည် ပြန်လည်၍ အိပ်စက်ရန် မဖြစ်နိုင်တော့သဖြင့် ဆေးပေ့ါလိပ်တစ်လိပ်ကို မီး ညှိဖွာရှိုက်၍ နေလေ၏ ။ လရောင်သည် သချႋုင်းကုန်းရှိရာ ကုန်းမြင့်ပေါ်သို့ ကျရောက်နေသဖြင့် သချႋုင်းရှိရာအရပ်ကို ထင်ထင်ရှားရှား တွေ့မြင်ရလေ၏ ။

ထိုအခိုက်တွင် အချႋုင်းအတွင်းမှ မီးရောင်တစ်ခုကို မြင်ရလေ၏ ။

ကိုချိုန်ခွင်သည် မျက်မှောင်ကြုတ်၍ သေချာစွာကြည့်ရှုလေရာ မီးအိမ်နီကလေးတစ်လုံး လင်းလက်နေကြောင်းတွေ့ရ၏ ။
သချႋုင်းကုန်းတွင်နေထိုင်သော ဦးသက္က မီးထွန်းညှိခြင်းပင်ဖြစ် လေသလော။

ကိုချိန်ခွင်သည် မီးအိမ်နီကလေးကို စိတ်ဝင်စားစွာကြည့်ရှုနေစဉ် မီးအိမ်နီကလေးသည် သချႋုင်းအတွင်း ရွေ့လျားနေကြောင်းတွေ့ရ၏။

မီးအိမ်နီကလေးကို ကိုင်ဆောင်သူသည် တဖြည်းဖြည်း ကိုချိန်ခွင် ရှိရာသို့ နီးကပ်လာသော အခါ မီးအိမ်ရှင်သည် ဦးသက္က မဟုတ်ဘဲ အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသော မိန်းမပျိုတစ်ဦးဖြစ် ကြောင်း သိလိုက်ရ၏။

မိန်းမပျို၏ ဆံပင်များသည် ဖားလျားချထားပြီး မီးအိမ်နီကလေးကို ကိုင်၍ ကိုချိန်ခွင်ရှိရာ ဇရပ်သို့ ဦးတည်လျှောက်လှမ်းလာလေ၏။

ညကြီးသန်းခေါင်အချိန်တွင် သချႋုင်းအတွင်းမှ ဖြတ်သန်းလာသော မိန်းမပျိုတစ်ဦးကို ကြည့်၍ အသည်းငယ်တတ်သူဆိုလျှင် လိပ်ပြာလွင့်သွားနိုင်၏။

သို့သော် ကိုချိန်ခွင်သည် သူရသတ္တိကောင်းသူဖြစ်သဖြင့် တုန်လှုပ်ချောက်ချားမှုမရှိဘဲ မီး အိမ်ရှင်မိန်းမပျိုကိုသာ စူးစိုက်ကြည့်နေလေ၏။

မီးအိမ်ရှင်မိန်းမပျိုသည် ဇရပ်အနီးသို့ ရောက်သောအခါ ကိုချိန်ခွင်က သက်ပြင်းချ၍

“မင်းသမီးလေး မနန်းယဉ်ပါလား”

ဟု တအံ့တဩရေရွတ်လိုက်လေ၏။ မနန်းယဉ်ဆိုသော မိန်းမချောလေးသည် နေ့လည်က သူမ၏ ကြီးမားထယ်ဝါသော ခြံကြီးမှထွက်၍ ဆင်းရဲနွမ်းပါးသူများကို အလှူအတန်းပြုခဲ့သူဖြစ်၏။

မနန်းယဉ်ကဲ့သို့ သူဌေးမလေးတစ်ဦးက ညကြီးသန်းခေါင်အချိန် တစပြင် သချႋုင်းသို့ ဖြတ် သန်း၍ ဤဇရပ်သို့ရောက်ရှိလာခြင်းမှာ ထူးဆန်းလှ၏။

မနန်းယဉ်သည် သချႋုင်းလှေကားဝသို့ ရောက်သောအခါ မီးအိမ်နီကလေးကို မြှောက်၍ ကိုချိန်ခွင်ကိုကြည့်ရှုကာ

“ရှင်..ရှင်..မအိပ်သေးဘူးလား”

ဟု မေးမြန်းလေရာ ကိုချိန်ခွင်က ခေါင်းခါယမ်း၍

"ခဏလောက်အိပ်လိုက်ပြီးပါပြီဗျာ၊ ကျုပ်က အအိပ်အနေနည်းပါးတယ်ဗျ၊ တစ်ညမှာ သုံး နာရီလောက် အိပ်လိုက်ရရင် အိပ်ရေးဝပါတယ်"

ဟု ပြောလေရာ မိန်းမချောလေးမနန်းယဉ်သည် ဇရပ်လှေကားဝတွင် ရပ်တန့်နေရာမှ

"ကျွန်မကို ဇရပ်ပေါ်တက်ခွင့်ပြုပါ"

ဟု တောင်းပန်လေရာ ကိုချိန်ခွင်က

"ဇရပ်ဆိုတာ လူတိုင်းလာခွင့်ရှိပါတယ်ဗျာ၊ ကျုပ်တစ်ယောက်တည်း မောင်ပိုင်စီးထားလို့ မဖြစ်နိုင်ပါဘူး၊ ဇရပ်ပေါ်ကိုကြွပါ"

ဟု ပြောလေ၏။ မိန်းမချောလေး မနန်းယဉ်သည် မီးအိမ်နီလေးကို ကိုင်၍ ဇရပ်ပေါ်သို့ တက်လာခဲ့၏။

ကိုချိန်ခွင်က ထိုင်ရာမှထ၍ သူမ၏ လက်ထဲရှိ မီးအိမ်ကလေးကို ယူကာ ဇရပ်တစ်နေရာ တွင် မီးအိမ်နီကလေးကို ချိတ်ဆွဲလိုက်၏။

မနန်းယဉ်သည် ကိုချိန်ခွင်၏ အနီးတွင် ကျုံ့ကျုံ့ကလေးထိုင်လိုက်၏။ ကိုချိန်ခွင်က ဆေးပေ့ါလိပ်တစ်လိပ်ကို ထုတ်ယူမီးညှိ၍

"ညကြီးသန်းခေါင် ဇရပ်ကို ရောက်လာတဲ့အကြောင်းကို ပြောပါဦး"

ဟု မေးမြန်းလေ၏။ မနန်းယဉ်က ကိုချိန်ခွင်၏ မျက်နှာကို ကြည့်၍

"ပြောရရင်တော့ အရှည်ကြီးပါပဲ ကိုချိန်ခွင်၊ အခုလို အကာလ ညအခါကြီးမှာ မိန်းမသား တန်မဲ့ ဇရပ်ကို အရဲစွန့်ပြီး လာခဲ့တာ ကိုချိန်ခွင်ဟာ မကောင်းသူပယ် ကောင်းသူကယ်တဲ့ လောကပါလတစ်ဦးဆိုတာ ရိပ်စားမိနေလို့ပါ"

ဟု ပြောလေရာ ကိုချိန်ခွင်က မိန်းမချော မနန်းယဉ်ကိုကြည့်၍

"ကျုပ်ကို မနန်းယဉ် သိနေတယ်ပေါ့"

ဟု မေးမြန်းလိုက်လေ၏။ မနန်းယဉ်က ခေါင်းညိတ်၍

"ဟုတ်ကဲ့၊ ကိုချိန်ခွင်အကြောင်းကို ကျွန်မ ကြားဖူးနေတာ ကြာပါပြီ၊ သဘာဝ လောကကြီး မှာ အကူအညီလိုနေတဲ့သူတွေကို ကိုချိန်ခွင်ဆိုတဲ့ လူစွန့်စားတစ်ယောက်ဟာ သုံးနှစ်တစ်ကြိမ် ပေါ်ထွက်လာပြီး ကူညီတတ်တယ်လို့ ကြားဖူးတယ်၊ ဒါကြောင့် ကိုချိန်ခွင် ပေါ်ထွက်လာမဲ့အချိန်ကို စောင့်မျှော်နေတာ ကျွန်မ သုံးနှစ်ရှိပါပြီ"

ဟု ပြောလေ၏။ ကိုချိန်ခွင်က သူမကို ကြည့်၍ သက်ပြင်းချလိုက်ပြီး

"ကျုပ်ဟာ လောကကြီးမှာ အကူအညီလိုနေတဲ့သူတွေကို ကူညီဖို့ သုံးနှစ်တစ်ကြိမ် ထွက်ပေါ်လာတယ်ဆိုတာ မှန်ပါတယ်၊ မနန်းယဉ်ရဲ့ အခက်အခဲကို ပြောပါဦး၊ ကျုပ် ကူညီနိုင်ရင် ကူညီပါမယ်"

ဟု ပြောလေ၏။ မနန်းယဉ်က ကိုချိန်ခွင်၏ စကားကြောင့် မျက်နှာဝင်းပ ကြည်လင်သွားပြီး

"ကိုချိန်ခွင်စကားကို ကြားရတာ အားရှိလိုက်တာရှင်၊ ကျွန်မရဲ့ ပြဿနာက အတော်လေး လျှို့ဝှက်ရမဲ့ကိစ္စဖြစ်တာကြောင့် အခုလို ညကြီးသန်းခေါင်အချိန်မှာ သချႋုင်းကုန်းကို ခိုးကြောင်ခိုး ဝှက်ထွက်လာရတာ ပါ"

ဟု ပြောလေရာ ကိုချိန်ခွင်က ခေါင်းညိတ်၍

"လျှို့ဝှက်ရမဲ့ကိစ္စဆိုတာ ကျုပ်သဘောပေါက်ပါတယ်၊ မနန်းယဉ်ရဲ့ ကိစ္စကိုသာ အမိန့်ရှိပါ"

ဟု မေးမြန်းလိုက်လေ၏။ မနန်းယဉ်က အမှောင်ထဲသို့ ငေးကြည့်၍ သက်ပြင်းချလိုက်ပြီး

“တကယ်တော့ ကျွန်မဟာ မင်းမျိုးမင်းနွယ်တစ်ယောက်ပါ၊ ကျွန်မရဲ့မိခင်ဟာ မင်းတုန်းမင်း ကြီးရဲ့ မထင်မရှားမိဖုရားတစ်ပါးက မွေးဖွားတဲ့သူတစ်ယောက်ပါ၊ ဒီလိုနဲ့ သီပေါမင်းသား နန်းတက် ခါနီး မှာ မင်းညီမင်းသားတွေ သုတ်သင်ခံရပြီး အန္တရာယ်နဲ့ ရင်ဆိုင်နေရချိန်မှာ မိခင်ဟာ ကံကောင်းထောက်မစွာနဲ့ အထိန်းတော်ကြီးကောင်းမှုကြောင့် အသက်အန္တရာယ်က လွတ်ကင်းပါ တယ်၊ မိခင်ဟာ နန်းတွင်းမှာ မထင်ရှားတဲ့ မင်းသမီးတစ်ပါးမို့ အန္တရာယ်က လွတ်ကင်းတာလည်း ဖြစ်နိုင်ပါတယ်၊ မိခင်ဟာ နန်းတွင်းမှာ နေထိုင်စဉ်က လက်ဝတ်ရတနာ တော်တော်များများကို စုဆောင်းနိုင်ခဲ့တယ်၊ မိခင် နန်းတွင်းက ထွက်ပြေးတဲ့အချိန်မှာ လက်ဝတ်ရတနာတွေကိုလည်း ကိုယ်နဲ့မပါ ယူနိုင်ခဲ့ပါတယ်”

ဟု ပြောရင်း မနန်းယဉ်သည် ခဏမျှ နားလိုက်လေ၏။ ကိုချိန်ခွင်သည် ဆေးပေ့ါလိပ်ကို ဖွာ ရှိုက်ရင်း သူမ၏ စကားကို စိတ်ဝင်စားစွာ နားထောင်နေလေ၏ ။

“မိခင်နဲ့ အထိန်းတော်ကြီးဟာ နန်းတွင်းကနေ ရှမ်းပြည်နယ်ဘက်ကို ထွက်ပြေးခဲ့တယ်၊ သူတို့ဟာ လက်ဝတ်ရတနာတွေကို အလွန်ဟောင်းစုပ်နေတဲ့ တောင်းကြီးတွေထဲမှာ ထည့်ပြီး သူ ဆင်းရဲအသွင် သွားလာခဲ့တယ်၊ ဒီလိုနဲ့ နောင်ချိုအနီးက ရှမ်းရွာကလေးတစ်ရွာမှ မထင်မရှား ဇာတ်မြှုပ်ပြီး နေထိုင်ခဲ့တယ်၊ ရှမ်းလူမျိုးအများစုက ရိုးသားကြတဲ့အတွက် မြေပြန့်ဒေသက ရောက် လာတဲ့အမေနဲ့ အထိန်းတော်ကြီးကို ဝိုင်းဝန်းစောင့်ရှောက်ကြပါတယ်၊ အမေဟာ ဆင်းရဲနွမ်းပါးပေမဲ့ သူနဲ့ အတူ လျှို့ဝှက်ပြီး သယ်ဆောင်လာတဲ့ လက်ဝတ်ရတနာတွေကို လူဆိုး ဓားပြတွေရဲ့ရန်က စိုးရိမ်တဲ့အတွက် ထုခွဲရောင်းချခြင်းမရှိခဲ့ဘူး၊ ဒီလိုနဲ့ အမေဟာ ရွာကလေးမှာနေရင်း မြေပြန့်ဒေသ ကနေ လက်ဖက်ခူးဖို့ ရောက်နေတဲ့ အဖေနဲ့ရင်းနှီးပြီး အကြောင်းပါခဲ့ကြတယ်၊ အဖေဟာ လောဘ မရှိဘဲ အလွန်ရိုးသားစွာနေထိုင်တတ်သူ ဖြစ်တယ်၊ အမေဟာ

သူ့ရဲ့လျှို့ဝှက်ရတနာတွေအ ကြောင်း အဖေ့ကို ထုတ်ဖော်ပြောပေမယ့် အဖေဟာ လက်ဝတ်ရတနာတွေကို ထုခွဲရောင်းချပြီး သူဌေးလုပ်ဖို့ ရည်ရွယ်ချက်မရှိဘူး၊ လက်ဖက်ခူးပြီး နေ့ထိုင်စားသောက်ရတာ ဟာ သူဌေးဘဝထက် ငြိမ်းချမ်းပါတယ်လို့ အဖေကပြောတယ်၊ အဖေဟာ တောလိုက်ဝါသနာပါတယ်၊ လက်ဖက်ခူးစရာ မရှိတဲ့အချိန်ဆိုရင် တောလိုက်နေတတ်တယ်၊ လက်ဖက်ခူးစရာ မရှိတဲ့အချိန်ဆိုရင် တောလိုက်နေတတ်တယ်၊ တောလိုက်တဲ့အလုပ်ကို အမေက မကြိုက်လို့ တားမြစ်ပေမယ့် မရဘူး၊ တစ်နေ့တော့ အဖေဟာ တောလိုက်ရင်း ထူးဆန်းတဲ့ မြွေဖြူမတစ်ကောင်ရဲ့တွင်းကို သွားတွေ့တယ်၊ အဖေဟာ မြွေဖြူမကို လိုချင်လို့ အတင်းလိုက်ပေမယ့် လွတ်မြောက်သွားခဲ့တယ်၊ အဲဒီ ညက အဖေရဲ့အိပ်မက်ထဲကို မြွေဖြူမရောက်လာပြီး သူ့ရဲ့အသိုက်အအုံကို မဖျက်ဖို့ သတိပေး စကားပြောတယ်လို့ အဖေက ပြန်ပြောတယ်၊ ဒါပေမယ့် အဖေဟာ လူရိုးတစ်ယောက်ဖြစ်ပေမယ့်
အဖေက ပြန်ပြောတယ်၊ ဒါပေမယ့် အဖေဟာ လူရိုးတစ်ယောက်ဖြစ်ပေမယ့်
သဘာဝ ယုတ္တိမတန် တဲ့ ဖြစ်ရပ်ကို မယုံကြည်တဲ့အတွက် မြေဖြူမရှိတဲ့နေရာမှာ သွားစောင့်ပြီး နေ့စဉ်ဖမ်းဖို့ကြိုးစား တယ်၊ ဒီလို ဖမ်းဖို့ ကြိုးစားတဲ့နေတိုင်းမှာ မြွေဖြူမက အိပ်မက်ထဲကို ရောက်လာပြီး အဖေ့ကို သတိပေးတယ်လို့ သိရတယ်၊ အမေဟာ ဒီအကြောင်းတွေကို သိရတော့ အဖေ့ကို မြွေဖြူမကို မဖမ်းဖို့ ပြောတယ်၊ အဖေကတော့ မယုံကြည်တဲ့အတွက် မြွေဖြူမကို တစ်နေ့ထက်တစ်နေ့ ကြိုးစားပြီး မရရအောင် ဖမ်းဖို့ကြိုးစားတယ်၊ တကယ်တော့ အဖေဟာ အလွန် ခေါင်းမာတယ်၊ သူ ဖြစ်ချင်တာကိုသာ မဖြစ်ဖြစ်အောင် လုပ်တဲ့အကျင့်ရှိတယ်၊ ဒီလိုနဲ့ ကိုးရက်မြောက်တဲ့နေ့မှာ အဖေ ဟာ မြွေဖြူမကို ဖမ်းဆီး သတ်ဖြတ်နိုင်ခဲ့တယ်၊ အဖေဟာ အိမ်ကိုပြန်လာပြီး အမေ့ကို မြွေဖြူမကို ပြတယ်၊ ပြီးတော့ လူကြံရင် ဘာခံနိုင်မှာတုန်း ဒီမြွေဖြူမ ငါ့ကို ရှောင်တိမ်းနိုင်ရင် ခဏပေါ့လို့ ပြော တယ်၊ အဖေကတော့ မြွေတစ်ကောင်ကို သဲကြီးမဲကြီး လိုက်လံဖမ်းဆီးနေတဲ့အဖေ့ကို အပြစ်တင် စကားပြောတယ်၊ အဲဒီ ညက အဖေ့ရဲ့ အိပ်မက်ထဲကို သွေးစက်တွေပေကျံနေတဲ့ မြွေဖြူမ ရောက် လာပြီး သူ့ကိုအန္တရာယ်ပြုတဲ့အတွက်

အဖေ့ကို ကောင်းကောင်းကလဲ့စားချေမယ်လို့ ကြုံးဝါးတယ် လို့
အဖေကပြန်ပြောတယ်၊ တကယ်တော့ အဲဒီ တုန်းက
အဖေ့ရဲ့စိတ်အစွဲအလမ်းကြောင့် တိုက် တိုက်ဆိုင်ဆိုင် အိပ်မက်တွေမက်တာလဲ
ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် မြွေဖြူမကို ဖမ်းဆီးသတ်ဖြတ် ပြီး တစ်လပြည့်တဲ့နေ့မှာ
အဖေဟာ ကြမ္မာဆိုးနဲ့ရင်ဆိုင်ရတယ်။ အဖေဟာ တောလိုက်ထွက်ရင်း
လင့်စင်ပေါ်မှာ အိပ်ပျော်နေတုန်း မြွေတစ်ကောင်ရဲ့ကိုက်ခဲမှုကြောင့်
သေဆုံးခဲ့ရတယ်၊ အဖေနဲ့ အတူ လင့်စင်ပေါ်မှာအတူရှိနေတဲ့
အဖော်ရဲ့ပြောစကားအရ အဖေ့ကို ကိုက်သွားတဲ့ မြွေဟာ အဖြူရောင်ရှိတယ်လို့
သိရတယ်၊ ဒါဟာ တိုက်ဆိုင်မှုလား ထူးဆန်းတဲ့ကြမ္မာဆိုးလားဆိုတာတော့
ဒီနေ့အထိ ကွဲပြားမသိနိုင်ပါဘူး”

ဟု ပြောလေ၏။ ကိုချိန်ခွင်သည် သူမ၏ စကားကို
စိတ်ဝင်တစားနားထောင်နေမိ၏။

ဇရပ်ပျက်ကြီးထဲတွင် မီးအိမ်နီလေး၏ အလင်းရောင်သာရှိသော်လည်း
သူမ၏ ချောမောလှပသော မျက်နှာကို ဝိုးတဝါးမြင်ယောင်နေရ၏။ မနန်းယဉ်သည်
သူမ၏ စကားကို ဆက်လေ၏။

“အဖေဆုံးပြီးတဲ့နောက်မှာ အမေဟာ အထိန်းတော်ကြီးနဲ့အတူ ဘဝကို
ရုန်းကန်ခဲ့ရတယ်၊ အဲဒီ တုန်းက ကျွန်မအသက် သုံးနှစ်အရွယ်လောက်ပဲ
ရှိသေးတယ်၊ တစ်နေ့တော့ ကျွန်မတို့ရွာကို ဓားပြတိုက်ခံရပြီး
ဓားပြခေါင်းဆောင်အိုက်မောင်ဟာ ချောမောလှပဆဲဖြစ်တဲ့ အမေ့ကို သဘောကျ
သွားပြီး လက်ထပ်ဖို့ ကမ်းလှမ်းခဲ့တယ်၊ အမေဟာ အဖေကလွဲရင် ဘယ်သူ့ကိုမှ
မကြည်ဖြူတဲ့အတွက် အိုက်မောင်ကို လက်မခံခဲ့ဘူး၊ အိုက်မောင်ဟာ
ကျွန်မတို့နယ်တစ်ဝိုက်မှာ အတော်ဩဇာကြီးတယ်၊ သူ့ရဲ့ဓားပြအဖွဲ့ဟာလဲ
အတော်အင်အားတောင့်တင်းတယ်၊ အိုက် မောင်ဟာ အမေက သူ့ကို
ငြင်းပယ်တဲ့အတွက် အညိုးအတေးထားပြီး မရရအောင်ယူမယ်လို့ ကြုံးဝါးခဲ့တယ်၊

အမေဟာ အိုက်မောင်ရဲ့ အန္တရာယ်ကို ရိပ်စားမိတဲ့အတွက် ကျွန်မနဲ့ အထိန်းတော်ကြီးကို အောက်ပြည်အောက်ရွာကို ရှောင်တိမ်းနေစေခဲ့တယ်၊ သူ့ကို အိုက်မောင်ရဲ့ တပည့်တွေက စောင့်ကြည့်နေကြတယ်၊ အမေဟာ ကျွန်မတို့ထွက်ပြေးကာနီးမှာ သူ့ရဲ့လက်ဝတ်ရတနာတွေကို တစ်ဝက်ခွဲပြီး ပေးလိုက်တယ်၊ ကျန်တစ်ဝက်ကတော့ အမေ့ဆီမှာ ကျန်ရစ်ခဲ့တယ်၊ အမေဟာ တစ်ချိန်ချိန်မှာ ကျွန်မတို့မိသားစု ပြန်လည်ဆုံစည်းကြမယ်လို့ ပြောပြီး ကျွန်မတို့ မိသားစု ပြန်လည် ဆုံတွေ့နိုင်ရင် ကဗျာလေးတစ်ပုဒ်ကို ဆက်သွယ်ဖို့ပေးခဲ့တယ်၊ ကဗျာကတော့ ဟောဒီလိုပဲ”

“အမိနဲ့ဝေးနေတဲ့ စင်ရော်ငှက်ကလေးရယ်၊ အချိန်တန်တော့လည်းကွယ်

၊

မေတ္တာပေါင်းကူးပွဲမှာ၊ ပြန်လည်ပြန်ဆုံစည်းရမှာပါ”

ဟု ပြောလေရာ ကိုချိန်ခွင်က စိတ်ဝင်စားစွာ နားထောင်နေရာမှ

“မနန်းယဉ် ရွာကိုပြန်ရှာသေးလား”

ဟု မေးမြန်းလေ၏။ မနန်းယဉ်က ခေါင်းညိတ်၍

“ကျွန်မနဲ့အထိန်းတော်ကြီး ရွာကထွက်ပြေးပြီး ငါးနှစ်လောက်အကြာမှာ အရဲစွန့်ပြီး ရွာကို ပြန်လာခဲ့တယ်၊ ဓားပြခေါင်းဆောင် အိုက်မောင်ဟာ အလွန်ဆိုးသွမ်းပြီး ရက်စက်ကြမ်းကြုတ်တဲ့ အတွက် တော်တော်နဲ့ ရွာကိုမပြန်ဝံ့ဘူး၊ ရွာကိုရောက်တဲ့အခါမှာ အမေဟာ ဓားပြခေါင်းဆောင် အိုက်မောင်ရဲ့လက်က လွတ်မြောက်သွားတယ်လို့ သိရတယ်၊ အမေ့ရဲ့သတင်းကို ကြားတော့ ကျွန်မတို့ဟာ အလွန်ဝမ်းသာသွားပြီး အမေရွာကိုပြန်ရောက်လာရင် ကျွန်မတို့နဲ့ဆက်သွယ်နိုင်ဖို့ လိပ်စာတွေပေးပြီး ရွာကပြန်ခဲ့တယ်၊ အဲဒီ အချိန်မှာ ဓားပြခေါင်းဆောင် အိုက်မောင်ဟာ ဗြိတိသျှ စစ်ပုလိပ်ရဲ့လက်ချက်ကြောင့် ကျဆုံးသွားပြီး သူတို့အဖွဲ့လည်း ပြိုကွဲသွားပြီ၊ ဒါကြောင့် အမေ့အ တွက် ဘယ်လိုအန္တရာယ်မှ မရှိတော့ဘူး”

ဟု ပြောလေရာ ကိုချိန်ခွင်က ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိဖွာရှိုက်၍ သက်ပြင်းချလိုက် ပြီး

"ဒါလောက်ဆိုရင် ကျုပ်နားလည်ပါပြီ၊ မနန်းယဉ်ဟာ အမေရွာကို ပြန်လာရင် ဆက်သွယ် နိုင်ဖို့ လိပ်စာပေးခဲ့တယ်၊ ဒါပေမယ့် မနန်းယဉ်ရဲ့မိခင်ဟာ ဒီနေ့အချိန်ထိ ရွာကိုပြန်မလာခဲ့ဘူး၊ ဒါ ကြောင့် မနန်းယဉ်ရဲ့မိခင် ဘယ်ကို ရောက်နေသလဲဆိုတာ သိချင်နေတယ် မဟုတ်လား၊ မနန်း ယဉ်ရဲ့ မိခင်ဟာ သက်ရှိထင်ရှားရှိနေသလား၊ မိခင်နဲ့အတူ ပါသွားတဲ့ လက်ဝတ်ရတနာတွေ ဘယ်ကိုရောက်နေသလဲဆိုတာ သိချင်နေတယ်"

ဟု ပြောလိုက်လေ၏။ မနန်းယဉ်သည် အမှောင်ထဲသို့ ငေးကြည့်နေရာမှ ကိုချိန်ခွင်ကို ငဲ့ စောင်းကြည့်၍

"ကျွန်မ ရတနာတွေကို မမက်မောပါဘူးရှင်၊ အမေနဲ့ပြန်တွေ့ချင်တာပါ၊ အမေသက်ရှိထင် ရှား မရှိတော့ဘူးဆိုရင်လည်း အကြောင်းစုံကို သိချင်တယ်၊ အမေ့ရဲ့အမွေတွေကို ထုခွဲရောင်းချပြီး ဥပုသ်နေ့တိုင်း ဆင်းရဲနွမ်းပါးသူတွေကို အိမ်ရှေ့မှာ ဖိတ်ခေါ်ပြီး အလှူအတန်းပြုနေတာ ရှင့် အမြင်ပဲလေ"

ဟု ပြောလေ၏။ ကိုချိန်ခွင်က ခေါင်းညိတ်၍

"မနန်းယဉ်ရဲ့ပျောက်ဆုံးသွားတဲ့ မိခင်အကြောင်းကို ကျုပ်စိတ်ဝင်စားပါတယ်၊ ကြိုးစားပြီး ရှာဖွေပေးပါ့မယ်၊ စိတ်အေးအေးထားပါ၊ နောက်ဆုံးမှာတော့ အဖြေတစ်ရပ်ရပ်ကို တွေ့ရမှာပါ၊ ကဲ မိုးလင်းကာနီးနေပြီ၊ မနန်းယဉ် သွားပေတော့"

ဟု ပြောလေ၏။ မနန်းယဉ်က ကိုချိန်ခွင်၏ စကားကြောင့် မျက်နှာဝင်းလက်သွားပြီး

"ဝမ်းသာလိုက်တာရှင်၊ ကိုချိန်ခွင်လို အရည်အချင်းရှိတဲ့လူတစ်ယောက်က ကျွန်မရဲ့မိခင် ကို ရှာဖွေပေးရင် တစ်နေ့နေ့မှာ

အဖြေတစ်ရပ်ရပ်ကို တွေ့ရမှာသေချာပါတယ်၊ အဖြေတစ်ရပ်ရပ် ကို သိရရင်တော့ ကိုချိန်ခွင်ကို ကျေးဇူးမမေ့ပါဘူး”

ဟု ပြောလေ၏ ။ မနန်းယဉ်၏ စကားကြောင့် ကိုချိန်ခွင်က သက်ပြင်းချလိုက်ပြီး

“မလိုပါဘူး မနန်းယဉ်၊ ကျုပ်ရဲ့တာဝန်က ဒုက္ခရောက်နေသူတွေနဲ့ အကူအညီလိုနေသူ တွေကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးဖို့ပါ”

ဟု ပြောလိုက်ရာ မနန်းယဉ်သည် ကိုချိန်ခွင်ကို ကျေးဇူးတင်စကား အကြိမ်ကြိမ်ပြောဆို၍ ဇရပ်မှ ပြန်လည်ထွက်ခွာသွားလေ၏ ။

မနန်းယဉ် ထွက်ခွာသွားသောအခါ မနက်အရုဏ်တက်အချိန်သို့ပင် ရောက်ရှိနေလေ၏ ။

ထိုအချိန်တွင် ချိုင်းထောက်နှင့် လူကြီးသည် အုတ်ဂူတစ်လုံးကို မှီ၍ ထိုင်နေရာမှ မနန်းယဉ် ကို ချောင်းမြောင်းကြည့်ပြီး ခေါင်းတဆတ်ဆတ်ညိတ်လိုက်လေ၏ ။

***

ဤသို့ဖြင့် ကိုချိန်ခွင်သည် ဇရပ်ကြီးတွင် သုံးရက်ခန့်နေထိုင်မည်ဟု စိတ်ကူးခဲ့သော်လည်း ထိုမြို့ကလေးတွင် နေထိုင်ရသည်မှာ အေးချမ်းလှသဖြင့် တစ်ပတ်ခန့်ကြာညောင်းခဲ့လေ၏။

ကိုချိန်ခွင်သည် ဇရပ်ပျက်ကြီး၌ နေထိုင်စဉ် သချိုင်းမှ သုဘရာဇာကြီး ရောက်လာပြီး နေ့စဉ် စကားပြောဆိုနေလေတော့၏။ တစ်နေ့တွင် သုဘရာဇာကြီးက

“မောင်ရင် ဒီမြို့က ထွက်ခွာမဲ့နေ့ကို ကျုပ်ကိုပြောပါ၊ အရေးကြီးတဲ့စကားတွေ ပြောစရာရှိ လို့ပါ”

ဟု ပြောလေ၏။ ကိုချိန်ခွင်က ဆေးပေါ့လိပ်ကို ဖွာရှိုက်ရင်း

“တစ်ရက် နှစ်ရက်နေရင် ဒီမြို့က သွားတော့မှာပါ၊ အဲဒီ တော့မှ ခင်ဗျားပြောစရာရှိတာ ပြောပေတော့”

ဟု ပြောလေ၏။ ကိုချိန်ခွင်သည် ဇရပ်ပျက်ကြီး၌ ရှစ်ရက်ခန့် အပူအပင်ကင်းကင်း နေထိုင် ရသော်လည်း ကိုးရက်မြောက်သောနေ့တွင် အနှောင့်အယှက် ပေးမည့်သူများနှင့် ကြုံတွေ့ရလေ၏။

ထိုနေ့က ကိုချိန်ခွင်သည် ဇရပ်ပျက်ကြီးနှင့် မနီးမဝေးရှိ စမ်းချောင်းကလေးတွင် ရေချိုးနေစဉ် သူ၏ အနီးသို့ ပုလိပ်များရောက်ရှိလာပြီး သေနတ်များဖြင့်ချိန်ရွယ်ကာ

“ဟေ့လူ မလှုပ်နဲ့၊ ငြိမ်ငြိမ်လေးနေပြီး ကုန်းပေါ်ကိုတက်လာစမ်း”

ဟု အမိန့်ပေးလေ၏။

ကိုချိန်ခွင်သည် ပုလိပ်များကိုမြင်သော်လည်း စိတ်လှုပ်ရှားဟန်မရှိဘဲ အေးဆေးစွာဖြင့် ကုန်းပေါ်သို့တက်၍ အဝတ်အစားများကို လဲလှယ်လေ၏။

ပြီးနောက် ရေစိုနေသော အဝတ်များကို သစ်ကိုင်းခြောက်ပေါ်တွင် လှမ်းလေ၏။ ပုလိပ်တစ် ဦးသည် ကိုချိန်ခွင်၏ အေးစက်စက်နိုင်သော အမူအရာကို မနှစ်မြို့ဟန်ဖြင့် ကြည့်၍

"ဟေ့လူ မြန်မြန်လုပ်စမ်း အချိန်မရှိဘူး"

ဟု အော်ငေါက်လိုက်လေ၏။ ကိုချိန်ခွင်က ထိုပုလိပ်ကို လှည့်ကြည့်၍

"နေပါဦး..ခင်ဗျားတို့က ကျုပ်မှာဘာအပြစ်ရှိလို့ ဖမ်းဆီးတာလဲ၊ အပြစ်ရှိမှန်း မရှိမှန်းမသိတဲ့ တရားခံကို အသားလွတ်ကြီး မအော်ငေါက်စမ်းပါနဲ့၊ ခင်ဗျားတို့လို ခပ်ညံ့ညံ့ပုလိပ်တွေကြောင့် မြန် မာနိုင်ငံပုလိပ်အဖွဲ့ကြီး ဂုဏ်သိက္ခာကျဆင်းလိမ့်မယ်"

ဟု ဣန္ဒြေရရ ပြောဆိုလေရာ စိတ်သဘောထားညံ့ဖျင်းသော ပုလိပ်သည် မျက်နှာမည်းခနဲ ဖြစ်သွားပြီး ကိုချိန်ခွင်ကို ရိုက်နှက်ရန် ပြင်လေ၏။

သို့သော် ကိုချိန်ခွင်၏ လွန်စွာရဲဝံ့သော ဟန်ပန်ကိုကြည့်၍ အနည်းငယ်ရှို့တွန့်တွန့်ဖြစ်သွား ပြီး

"တောက်..ဂါတ်တဲကိုရောက်မှ တွေ့ကြသေးတာပေ့ါကွာ"

ဟု ကြုံးဝါးလေ၏။ ထို့နောက် ပုလိပ်များသည် ကိုချိန်ခွင်ကို ဂါတ်သို့ ခေါ်ဆောင်သွားလေ ၏။ ဂါတ်သို့ရောက်သောအခါ ပုလိပ်များသည် ကိုချိန်ခွင်အား အချုပ်ခန်းထဲသို့သွင်းရန် ပြင်ဆင်လေ၏။

ထိုအခိုက်မှာပင် ဌာနအုပ်လူဝကြီး ရောက်ရှိလာပြီး

"ဘာအမှုလဲဟေ့"

ဟု မေးမြန်းလေ၏။ ပုလိပ်များတစ်ဦးသည် ကိုချိန်ခွင်ကိုကြည့်၍

"ဒီလူမြို့ပြင်ဇရပ်မှာ ရောက်နေတာ ဆယ်ရက်ရှိပြီ၊ ဒါကြောင့် မသင်္ကာလို့ဆွဲခဲ့တာ၊ ကျွန် တော်တို့အထင်တော့ ရာဇဝင်လူဆိုးတစ်ယောက်နဲ့တူတယ်"

ဟု မှတ်ချက်ချလေ၏။ ဌာနအုပ်လူဝကြီးသည် သက္ကလပ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်း ထားသော ကိုချိန်ခွင်ကိုကြည့်၍

"ရာဇဝင်လူဆိုးဟုတ်လား၊ ရာဇဝင်လူဆိုးတွေရဲ့ ဓာတ်ပုံတွေကို ငါလှေ့လာနေတာပဲ၊ ဒီလူ ဘယ်သူပါလိမ့်"

ဟု ရေရွတ်၍ ကိုချိန်ခွင်၏ အနီးသို့ လျှောက်လာလေရာ ကိုချိန်ခွင်က ဌာနအုပ်လူဝကြီး အနီးသို့ရောက်သောအခါ သူ၏ သက္ကလပ်ဦးထုပ်ကို အနည်းငယ် မတင်ပေးလိုက်၏။

ဌာနအုပ်လူဝကြီးသည် ကိုချိန်ခွင်၏ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများရှိသော မျက်နှာကိုကြည့်၍ ပါးစပ်အဟောင်းသားဖြစ်သွားပြီး

"ဟင်..ခင်ဗျား..ခင်ဗျား"

ဟု တအံ့တဩ ရေရွတ်နေလေရာ ကိုချိန်ခွင်က လူဝကြီးကို ကြည့်၍

"ပုတ်သင်ညိုတောင် လိုအပ်ရင် အရောင်ပြောင်းရသေးတာပဲဗျာ၊ ကျုပ်လည်း လိုအပ်တဲ့ အခါ အရောင်ပြောင်းရသေးတာပေါ့၊ ကျုပ်နာမည် ကိုချိန်ခွင်လို့ခေါ်တယ်၊ တကယ်တော့ သဘာဝ လောကကြီးမှာ တရားမျှတမှုတွေ ရှိနေဖို့အတွက် ချိန်ခွင်လို လူစားမျိုးတွေ အများကြီး ရှိနေဖို့ သင့်ပါတယ်"

ဟု ပြောလေရာ ဌာနအုပ်လူဝကြီးသည် မျက်လုံးပြူးမျက်ဆန်ပြူးဖြင့်

"ကိုချိန်ခွင် ဟုတ်လား၊ တတ်လည်း တတ်နိုင်တဲ့လူဗျာ၊ ဒီမြို့ကို ရောက်နေတာကြာပြီပေါ့ နော်၊ ကျုပ်အခန်းထဲကိုလိုက်ပြီး အေးအေးဆေးဆေး

စကားပြောပါဦးဗျာ”

ဟု ဖိတ်ခေါ်ကာ ကိုချိန်ခွင်အား ဌာနအုပ်လူဝကြီးက သူ၏ ရုံးခန်းထဲသို့ ခေါ်ဆောင်သွားသ ဖြင့် ပုလိပ်များသည် ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ခဲ့လေ၏။

ထို့နောက်တွင်မူ ဌာနအုပ်လူဝကြီးက ပုလိပ်သားတစ်ဦးကိုခေါ်၍ လက်ဖက်ရည်နှင့် ပေါင်မုန့်ထောပတ်သုတ်များကို ဆိုင်မှ မှာယူလေ၏။ လက်ဖက်ရည်နှင့် ပေါင်မုန့်ထောပတ်သုတ် များ ရောက်ရှိလာသောအခါ ကိုချိန်ခွင်ကို ကျွေးမွေးလေ၏။

ဂါတ်ထဲရှိ ပုလိပ်များက ကိုချိန်ခွင်သည် ဌာနအုပ်ကြီးနှင့် အလွန်ရင်းနှီးသူတစ်ဦးဖြစ်လိမ့် မည်ဟု ယုံကြည်သွားလေ၏။

ဌာနအုပ်လူဝကြီးသည် ညနေစောင်းသောအခါ ကိုချိန်ခွင်ကို အခန်းအပြင်သို့ ပြန်ခေါ်လာပြီး ကိုချိန်ခွင်အား ဖမ်းဆီးလာခဲ့သော ပုလိပ်များဘက်သို့လှည့်ကာ

“ဟော့ကောင်တွေ ဒီပုဂ္ဂိုလ်မှာ ဘာအပြစ်မှမရှိဘူး၊ သူ့ကို ပြန်လွှတ်ရမယ်၊ သူဟာ ဘယ်တော့မှ ဥပဒေကို ချိုးဖောက်မဲ့လူစားမျိုး မဟုတ်ဘူးကွ၊ သူလိုလူဟာ မင်းတို့ငါတို့ထက် ဥပဒေကို ပိုပြီးလေးစားတယ်၊ ကုန်ကုန်ပြောရရင်ကွာ ပုလိပ်မင်းကြီးထက်တောင် ဥပဒေကို လေး စားသေးတယ်”

ဟုပြောလေရာ ပုလိပ်များသည် ကိုချိန်ခွင်ကို ပါးစပ်အဟောင်းသားနှင့်ကြည့်ရှုကြလေ၏။ ဌာနအုပ်လူဝကြီးသည် ကိုချိန်ခွင်ကို တရင်းတနှီးဖြင့် ဂါတ်တဲအပေါက်ဝသို့ပင် လိုက်လံပို့ဆောင် ပေးလေ၏။

ကိုချိန်ခွင်သည် သူ၏ အနောက်ကို တအံ့တသြငေးမောကြည့်ရှုပြီး ကျန်ရစ်ခဲ့သော ပုလိပ်များကိုကြည့်၍ ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေ၏။

“ဟား ဟား ဟား ..သဘာဝ လောကကြီးက အင်မတန်

ဆန်းကြယ်ပါလားနော်”

***